မြဝတီ နေ့စဉ်

ရောင်စုံကလွှာစုံလင် ဦးစွာဖြန့်ချို မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စိတ်သည် အရာရာကိုဦးဆောင်၏။
စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။
စိတ်သည် အရာရာကိုပြီးစီးစေ၏။
ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆို
ပါလျှင်ချမ်းသာစေနိုင်၏။ အေးမြသော
အရိပ်သည် အစဉ်လိုက်ပါသည်နှင့်
တူ၏။ ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၇၇) ■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္လာနေ့

အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်

နေပြည်တော် အောက်တိုဘာ ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှုန်း လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ

စာမျက်နှာ ၅ ကော်လံ ၁ ●

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အောက်တိုဘာလ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/၈လ)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံ အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့် အထိ လျော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစတင်၍

စာမျက်နှာ ၁၆ ကော်လံ ၁ ➤

အနုပညာရှင်များ (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယနေ့မွန်းလွဲပိုင်းတွင် အနုပညာရှင်များ လာရောက် ကြည့်ရှုလေ့လာ၍ ကျောက်မျက်ရတနာများ ဝယ်ယူအားပေးကြသည်။

ဦးစွာ အနုပညာရှင်များက မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပြပွဲတာဝန်ရှိညှူများက လိုက်လံရှင်းလင်း

စာမျက်နှာ ၅ ကော်လံ ၁ ❖

ယနေ့ မြဝတီ ဖတ်စရာ

နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း စာ - ၇ သို့

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ စာ - ၁၅ သို့

အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste) စနစ်တကျစီမံခန့်ခွဲရေးနှင့် ပတ်လည်စီးပွားရေး (Circular Economy) ၏အခန်းကဏ္ဍ ဆောင်းပါး စာ - ၁၃ သို့

အယ်ဒီတာ့အာဏော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်

တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တိုင်းပြည်တည်ငြိမ်အေးချမ်းမှု တိုးတက်ခိုင်မာလာစေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများကို ထိရောက်စွာတိုက်ဖျက်လျက်ရှိရာ ယခုအခါ တည်ငြိမ်အေးချမ်းမှုများရရှိလာပြီဖြစ်သည်။ အကြမ်းဖက်အဖျက်သမားများ ကင်းစင်ပပျောက်ရေးကို ပြည်သူတို့လိုလားလာကြပြီဖြစ်၍ အကြမ်းဖက်အဖျက်သမားများနှင့် ပတ်သက်သော သတင်းများကိုလည်း လျှို့ဝှက်စွာပေးပို့လာကြပြီဖြစ်သည်။

ယနေ့ကာလတွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်ကိုအသုံးချပြီး မှန်မှန်ကန်ကန် ဆောင်ရွက်နေကြသူများရှိသကဲ့သို့ အွန်လိုင်းလိမ်လည်မှုများနှင့် အကြမ်းဖက်အားပေးထောက်ပံ့ကူညီသည့်လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရန် အထူးသတိပြုရမည်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်မိပါက ဆုံးရှုံးနစ်နာမှုများနှင့်ကြုံတွေ့ရမည်ဖြစ်ပြီး အကြမ်းဖက်အားပေးသောလုပ်ငန်းများတွင် ပါဝင်ပတ်သက်မိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရမည်သာဖြစ်သည်။

အကြမ်းဖက်အုပ်စုများအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများကလည်း အကြမ်းဖက်အဖွဲ့များအား အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများပြုလုပ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်ပတ်သက်၍ သတင်းများပေးပို့လျက်ရှိသည်။

အဆိုပါပြည်သူများ၏သတင်းပေးပို့မှုကြောင့် PRF Website သို့ Wave Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၇၀၀ ဦးခန့်၊ တရားမဝင် NUG Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ဦးခန့်၊ တရားမဝင် SDB ဘဏ်ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ဦးခန့် စုစုပေါင်း ၂၇၀၀ ကျော်၏ အချက်အလက်များအား ဖော်ထုတ်ရရှိခဲ့ပြီး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂၈ ရက်တွင် တရားခံ ၂၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပြီး ကျန်သူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်သည်။ ထို့ပြင် လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရှာဖွေကာ အကြမ်းဖက်အဖွဲ့များသက်ဆိုးရှည်စေရေးအတွက် အားပေးကူညီထောက်ပံ့ပေးနေသည့် တရားမဝင်အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ ရောင်းချရာတွင်ကူညီဆောင်ရွက်သူ တရားခံလေးဦးအား စက်တင်ဘာလ ၂၁ ရက်နှင့် ၂၄ ရက်တွင်ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်အဖျက်သမားဆိုသည်မှာ အဖျက်လုပ်ရပ်မျိုးစုံကိုသာ လုပ်ဆောင်နေခြင်းဖြစ်၍ ပြည်သူများအတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးဟန့်တားရာရောက်သဖြင့် ဥပဒေချိုးဖောက်ခြင်းပင်ဖြစ်သည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ကိုင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် ထိခိုက်နစ်နာမှုများဖြစ်စေသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များအား အားပေးကူညီထောက်ပံ့ရန်ရည်ရွယ်၍ တရားမဝင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့ဆောင်ရွက်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပေးပို့ခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြပါရန်။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍာတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့် နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် အောက်တိုဘာ ၁၁

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အောက်တိုဘာလ ၁၀ ရက်တွင် ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရှေ့အလားအလားနှင့် ဂုဏ်သိက္ခာများကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကို ဆိုလိုကြောင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီကျောင်းမှထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်များကို အချိန်ကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများ ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုင်းယုသင်းက ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များအကြောင်း အသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

(၄၀၂)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၁၀-၂၀၂၆(တနလၤာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၀၀ ပျော်ရွှင်တင်ဆက် လေလှိုင်းထက်
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေငေါ်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ



ရန်ကုန် အောက်တိုဘာ ၁၁

ကျောင်းသား၊ ကျောင်းသူများ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ ဦးစီး၍ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးတို့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ အောက်တိုဘာလ ၁၀ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့သွားရောက်လေ့လာရာ၌ ကျောင်းသား၊ကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမစတင်မီခေတ်ပြခန်း၊ မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများအား ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက်(ရန်ကုန်)မှ တာဝန်ရှိသူများက ပြခန်းများအလိုက် အသေးစိတ်လိုက်လံရှင်းလင်းပြသပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြသည်။

အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာခြင်းဖြင့် မြန်မာလူမျိုးများ၏ သမိုင်းစဉ်ဆက်ကြီးကျယ်ခမ်းနားခဲ့ပုံများနှင့် ထိန်းသိမ်းကာကွယ်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြင်တွေ့သိရှိကာ တန်ဖိုးထားတတ်လာစေသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။ အမျိုးသားပြတိုက်(ရန်ကုန်)ကို ၁၉၅၂ ခုနှစ်က ဂျူဗလီဟောအဆောက်အအုံ၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်း ၂၄၇၂၁ ဧကာ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ နှမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ကိုးတင်းကျော် ထွက်ရှိကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၂၄၇၂၁ ဧကာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ကိုးတင်းကျော်ထွက်ရှိပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီဖူလုံစေဖို့နဲ့ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု



ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩ စနစ်တကျသုံးစွဲရေး၊ အရည်အသွေးပြည့်ဝသော သီးနှံများထွက်ရှိရေး လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

တောင်သူများအား သီးနှံမျိုးစေ့နှင့် မြေဩဇာများပေးအပ်

ဆိပ်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးစပါး၊ ဆောင်းဆီထွက်သီးနှံများနှင့် ဝါသီးနှံများအထွက်နှုန်းတိုးမြင့်ရေး တောင်သူများအား သီးနှံမျိုးစေ့နှင့် မြေဩဇာများ ပံ့ပိုးပေးအပ်ခြင်းကို အောက်တိုဘာလ ၁၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနခွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းက တောင်သူများ၏စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်က စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးမြင့်ရေး သီးနှံမျိုးစေ့နှင့်မြေဩဇာများ ပံ့ပိုးပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆိုထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်မျိုးများနှင့် ယူရီးယားမြေဩ၊ သဘာဝမြေဩများကို ဆောင်းသီးနှံစိုက်တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကင်း

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩ ထုတ်လုပ်နည်းသင်တန်းအခမဲ့ဖွင့်လှစ်

ဟိုပုံး အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကိုကျော်လွှားနိုင်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးချနိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၁၁ ရက်တွင် ထမ်းဖရားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက ဒေသထုတ်ကုန်နှင့် ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များနှင့် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်၍ ယခုကဲ့သို့ သဘာဝမြေဩထုတ်လုပ်နည်းပညာရပ်များ သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပေးသည့် သဘာဝမြေဩထုတ်လုပ်နည်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ကြိုးစားသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကာ မိသားစုဝင်ငွေတိုးပွားရေး လုပ်ကိုင်ကြရန်မှာကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်လက်တွေ့ဆောင်ရွက်မည့် သဘာဝမြေဩထုတ်လုပ်နည်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား စိုက်ပျိုးရေးသုံး သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သဘာဝမြေဩထုတ်လုပ်နည်းသင်တန်းကို ဟိုပုံးမြို့နယ်အတွင်းရှိ ထမ်းဖရား ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် EM ဖျော်ရည်နှင့်မြေဆွေးပြုလုပ်နည်း၊ တီကျစ်မြေဩထုတ်လုပ်အသုံးပြုနည်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းများနှင့် သီးနှံအထွက်နှုန်းတိုးတက်စေရေး ဆောင်ရန်၊ ရှောင်ရန်တို့ကို သုံးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ထိုလူပျိုသားတို့၏ရှေ့မှ သိုင်းကွက်များကို အစီအစဉ်တကျသင်ကြားပြသပေးနေသူမှာ ဦးကျော်ရွှေးကဲ့သို့ပင် ရွှေဘိုမန်ကျည်းတုံသား ဝင်းမျူးဦးမှေး၏တပည့် ဗိုလ်ရန်ကင်းဖြစ်ပြီး သူသည်လည်း မြင်းခြံနယ် ဆီမီးခုံရွာသားဖြစ်လေရာ တစ်နယ်တည်းသားများဖြစ်၍ စံနက်ကျော်အပေါ် အလွန်သံယောဇဉ်ကြီးသူဖြစ်သည်။ ခုံတစ်လုံးဖြင့် နံဘေးမှ ထိုင်ကြည့်ရင်း လိုအပ်သည်တို့ကို အော်ဟစ်ထိန်းကျောင်းပြုပြင်ပေးနေသူ တပ်မှူးကြီးမှာ ရန်ကုန်ရွာသား မင်းလှနော်ရထာဘွဲ့ရဝင်းမှူး ဦးကျော်ရွှေးပင် ဖြစ်လေသည်။

“ရှေ့ကို ညီညီညာညာတက် ဟုတ်ပြီ ခြေနုတ်ခြေသိမ်းမြန်ပစေ ... ခုန်မယ် ဟုတ်ပြီ ခါးကိုညွတ်ထား ကျွမ်းပစ်နောက်လှည့် ... ရပ်... ရှေ့တစ်လှမ်းတက် ထိုးခုတ် ပယ် ထိုး ...”

“ယိ ယား ကျား”

သံပြိုင်ညီညာအော်ဟစ်၍ မာန်သွင်းနေကြသော သိုင်းသမားများထံက ထွက်ပေါ်လာသော အသံများမှာ ခြံဝင်းကြီးတစ်ခုလုံး ပဲ့တင်ထပ်နေပြီး အသက်ရှူမောဟိုက်နေသံများကလည်း စည်းချက်ကျကျထွက်ပေါ်နေလေသည်။ ထို့နောက် တုတ်တုတ်ချင်းထိခိုက်သံများနှင့် ဓားဓားချင်း ထိခတ်သံများကလည်း တချွင်ချွင် တချွမ်ချွမ်မြည်နေလေသည်။

“အိမ်ရှေ့မင်းတရားကြွချီလာပြီ” ဟူသောအသံကြောင့် အားလုံးရပ်နားလိုက်ကြပြီး မြေပြင်၌ ဒူးတုပ်လျက် ပျပ်ဝပ်ရိုကျိုးခစားကြရလေသည်။

ဥပရာဇာကိုယ်တော်ကြီးမှာ လူပျိုသားရွှစ်ယောက်စီ ရှေ့နောက်ခြံရံလျက် ထီးတော်ဆောင်း၊ ဗောင်းတော်ကိုင်၊ ယပ်တော်ဆက်၊ ကွမ်းတော်ဆက်၊ ရေကြည်သာအစုံအလင်ဖြင့် ကြွချီလာပြီး အပျိုတော်ကိုးယောက်တို့ကလည်း နောက်ပါးမှ ခစားလျက်လိုက်ပါလာကြသည်။ စောစောက သိုင်းလေ့ကျင့်နေကြသော လူပျိုသား၏ ရှေ့တည့်တည့်သို့ရောက်လျှင် ဥပရာဇာမင်းသားကြီးက တံ့ခနဲရပ်လိုက်သည်။

“ဟဲ့မင်းလှငယ် မောင်မင်းရဲ့လူတွေကို ညီညီညာညာတန်းစီပြီး အရပ်ခိုင်းစမ်းဟဲ့၊ ငါကိုယ်တော် ရွှစားတော်မူမယ်”

ဥပရာဇာကိုယ်တော်ကြီး၏ အသံမှာ ကြည်လင်ပြတ်သားခဲ့ညားလှ၏။ ထို့ပြင် အသံတော်မှာ နူးညံ့သိမ်မွေ့သောကရဏာဓာတ်များလည်း ပါဝင်နေပေသည်။ အရပ်မနိမ့်မမြင့်နှင့် ခန္ဓာကိုယ်မှာ ကျစ်လျစ်သော ဖွဲ့တည်မှုများဖြင့် မို့မောက်သော ရင်အုပ်များက အပေါ်ဝတ်ကိုယ်ကျပ်ထက်သို့ ရုန်းကြွတက်နေသယောင် ကားကားစွင့်စွင့်ရှိနေပြီး လက်မောင်းသားများကလည်း



တုတ်တုတ်ခိုင်ခိုင်ရှိနေလေရာ ကိုယ်ဝတ်တော်များက ခပ်တင်းတင်းရှိချေသည်။

နူတ်ခမ်းမွေးကျင်စွယ်ဖြင့် မျက်နှာတော်မှာ ကြည်လင်လျက် ဖက်ဖူးညွှန့်ရောင် ပိုးပဝါစကို ညာဘက်သို့ အစထုတ်လျက် ပေါင်းထားလေသည်။ ကြည်လင်စူးရှသော မျက်လုံးများကလည်း အကြည့်ခံရသူတို့၏နှလုံးသားထဲသို့တိုင် ဖောက်ထွင်းစူးရှသယောင် ရာဇမောန်ပါလှ၏။

မင်းတရား၏ အမိန့်တော်သံကြောင့် တပ်မှူး မင်းလှနော်ရထာ ဦးကျော်ရွှေးမှာ ရဲမက်များကို စနစ်တကျ တန်းစီမတ်တတ် ရပ်ခိုင်းလိုက်သည်။ မင်းတရားက လူပျိုသားရွှစ်ယောက်ခြံရံလျက် တစ်တန်းဝင် တစ်တန်းထွက် ရွှစားတော်မူပြီး ရဲမက်အားလုံး၏ ထိုးကွင်းမင်သေ့များပါမကျန် ရွှစားတော်မူသည်။ ထိုအထဲမှ နုနယ်သော မျက်နှာလေးဖြင့် ထိုးကွင်းမပါ မင်သေ့မရှိတုန်လှုပ်ခြင်းလည်း စိုးစဉ်းမျှမရှိဘဲ ခပ်ရှိရှိ ရပ်နေသော အရပ်မြင့်မြင့် လူပုံသန့်သန့်နှင့် စံနက်ကျော်ရှေ့အရောက်တွင် ခေါင်းဆုံးခြေဖျား ထူးခြားစွာ စူးစူးစိုက်စိုက်ရှုစားတော်မူလျက် လက်မောင်းကို ဆုပ်ကိုင်ဆွဲမတ်လိုက်သည်။

“ဟဲ့မောင်မင်း ရဲမက်ဆိုတာ ရင်ကို ကော့ ခေါင်းကိုမော့ပြီး ကိုယ်ကိုမတ်မတ်ထားရသကွဲ့ ဟဲ့ မင်းလှငယ်”

“မှန်လှပါ ဘုန်းတော်ကြောင့်ရှိကြောင်း ပါ ဘုရား”

“ဒီသူငယ်က ငယ်ရွယ်လှပါကလားကွဲ့၊ နောက်ပြီး ယောကျ်ားတို့ရဲ့ အမှတ်လက္ခဏာထိုးကွင်းမင်သေ့ အင်းကွက်မန္တန် ဘာကြောင့်မပါရသေးသလဲကွဲ့ ဘာလဲ သွေးနည်းသလားကွဲ့.”

“မှန်လှပါ ဘုန်းတော်ကြောင့်ပြီးခဲ့သော စာတော်ပြန်ပွဲကာလကမှ မွေးရပ်ဇာတိမှ အရှင့်အပါး ခစားရန် ခေါ်လာခဲ့ရကြောင်း ပါဘုရား”

“ကြော် ... မောင်မင်းသားချင်းလား ကွယ်၊ မျက်နှာကြည့်ခြင်းအားဖြင့် အတန်ပင် ငယ်ရွယ်သေးတာပဲ။ သို့ပေမယ့် လူရည်လူသွေးကဖြင့် အမြင်တင့်လှသကွယ်၊ တတ်သိအပ်ရာတို့ကို ကွပ်ညှပ်သင်ကြားပေးပြီး လူပျိုသား စာရင်းသွတ်သွင်း၊ ဟဲ့ မင်းလှငယ်ကြားလား”

“မှန်လှပါဘုရား သူ့အသက်က တစ်ဆယ့်ငါးနှစ်သားပါဘုရား”

အိမ်ရှေ့စံကိုယ်တော်ကြီးက စံနက်ကျော်ကို တစ်ချက်မျှ ရှုစားတော်မူကာ ဆက်လက်ကြွမြန်းသွားလေသည်။ ထိုနေ့အဖို့ စံနက်ကျော်ရင်ထဲ၌ အလိုလိုရွှင်လန်းပေါ့ပါးနေလေ၏။ မိမိဘဝ၌ အိပ်မက်မျှပင် မမက်ဖူးခဲ့လေသော အိမ်ရှေ့စံမင်းတရားကို ယခုကဲ့သို့ အနီးကပ်ဖူးမြော်ခွင့်ရရှိလိုက်ခြင်းမှာ သူ့ဘဝတစ်သက်တာ မေ့နိုင်စရာမရှိဖြစ်ခဲ့လေသည်။

ကိုယ်တော်ကြီး အရပ်အမောင်းမှာ သူ့ထက်အနည်းငယ်နိမ့်ပြီး ကြည်လင်သော မျက်နှာတော်ထက်က နူတ်ခမ်းမွေးကျင်စွယ်ပါးပါးကလေးများက ရာဇဋ္ဌပဓိရုပ်ကို ပိုမိုခဲ့ညားစေသည်ဟု ထင်မိ၏။ ကိုယ်တော်ကြီး၏မျက်နှာတော်မှာ ကြည်လင်ငြိမ်းချမ်း၍ အသံတော်ကလည်း သြဇာဓာတ်ပြည့်ဝလျက် ကြည်လင်ပြတ်သားတော်မူသည်။ ထိုနေ့နံနက်က အတွေ့အကြုံများသည် စံနက်ကျော်ရင်ထဲ၌ အစွဲကြီးစွဲသွားကာ အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီးကို အထူးပင်ကြည်ညိုသွားခဲ့လေသည်။

အမတ်မင်း ဦးကျော်ရွှေးအိမ်ကြီးသို့ ရောက်နေသည်မှာ ရက်သတ္တပတ်နှစ်ဆယ်မျှရှိလေပြီ။ ဤနေ့မှပင် ဥပရာဇာကိုယ်တော်ကြီးကို နဖူးတွေ့ ဒူးတွေ့ ဖူးခွင့်ရခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နေထိုင်ရာ တန်းလျားအိပ်ဆောင်များမှာ မင်းလှနော်ရထာ ဦးကျော်ရွှေးအိမ်မြောက်ဘက်၌ အရှေ့နှင့်အနောက် တန်းလျက်ရှိသည်။ သူတို့နေထိုင်ရာ အရှေ့ဘက်ခေါင်းရင်း ပုဏ္ဏာရိုက် စည်းရိုးများကို ကျော်လွန်လျှင် သစ်တပ်စည်းရိုးသာရှိပြီး ထိုသစ်တပ်ဝင်းတံခါးကို ကျော်လျှင် အိမ်ရှေ့စံကိုယ်တော်ကြီး၏ စံအိမ်တော်ဝင်းကြီးဖြစ်၏။ ဤမျှ အနီးကပ် နေနေရသော်လည်း စံအိမ်တော်ဝင်း အတွင်းသို့ပင် စံနက်ကျော်တစ်ကြိမ်တစ်ခါမျှမရောက်ဖူးသေးချေ။ ရွှေနန်းတော်ရင်ပြင်ဆိုသည်ကား ဝေးလာဝေးလေ၏။ မျက်လုံးနှင့်မျှပင် မမြင်ဖူးသေးချေ။ သူအမြင့်ဆုံးရောက်ဖူးသော လွှတ်တော်ရုံးအဆောက်အအုံပင်လျှင် အုံ့မခန်းကြီးမားလှချေပြီ။

အရှင်မင်းတရားကြီးနှင့် ဆွေတော်မျိုးတော်တို့အတွက် လုံခြုံရေးအရ အင်မတန်အရေးကြီးသော သစ်တပ်ဝင်းကြီးထဲတွင် အစောင့်အနေ အလွန်ထူထပ်သော ဘဏ္ဍာတိုက်၊ ကြေးတိုက်၊ ဗဟိုရိစည်လက်နက်တိုက်၊ ရိက္ခာတိုက်နှင့် သမားတော်များသာ ဝင်ခွင့်ထွက်ခွင့်ရှိသော ဆေးတော်တိုက်များ တည်ရှိလေရာ စံနက်ကျော်ကဲ့သို့ သာမန်လူပျိုသားကလေး တစ်ယောက် မရောက်ဖူးသည်မှာ မဆန်းပေ။

နေ့စဉ် အချိန်ရှိသ၍ ကိုယ်ခံပညာတို့ကို အဆက်မပြတ်လေ့ကျင့်လိုက်၊ နန်းမှုရေးရာတို့ကို သင်ယူလိုက်၊ စစ်ရေးဗျူဟာ စစ်ပညာတို့၏ စစ်ထိုး စစ်ချီ စစ်အင်္ဂါလေးချက် အဆုတ် အတက် အအုပ် အစီးမပျက် စစ်ထွက်ပုံတို့ကို သင်ကြားလိုက်ဖြင့် သူဝါသနာပါသော ကဗျာလင်္ကာရေးချိန်၊ ဖတ်ချိန်ပင်မရ။ ပျို့အဖြာဖြာ စာပေဆိုသည်တို့လည်း ဘယ်ရောက်နေသည် မသိတော့ဘဲ၊ တစ်ခုသောည ထမင်းစားသောက်အပြီး အမတ်မင်းဦးကျော်ရွှေးအား ခြေဆုပ်လက်နယ်ပြုစုပေးနေခိုက် အမတ်မင်းက အမိန့်ရှိလာသည်။

“စံနက် လူကလေး မင်းအခါအခွင့်ထူးတော့ကြုံပကွဲ့.”

“မှန်ပါ့ ဘဘဘုရား အမိန့်ရှိပါ”

စံနက်ကျော်သည် ယခုအခါ ဦးကျော်ရွှေး၏ သွေးသားရင်ချာဆွေမျိုးပမာ လူယုံတစ်ယောက်ဖြစ်နေလျက် ဝန်ကတော်ကြီးကိုလည်း မယ်မယ်ဟု ခေါ်ရ၏။ ဤအိမ်တော်ကြီးတစ်ခုလုံးကိုလည်း စီမံအုပ်ချုပ်ရသကဲ့သို့ တာဝန်ယူရလေသည်။ ချက်ရေးပြုတ်ရေးကအစ အိမ်တော်အတွင်း အခွေအရံ အိမ်စေ အလုပ်သမားများအထိ ကွပ်ကဲစီမံပေးရလေသည်။ ဦးကျော်ရွှေးတို့ ဇနီးမောင်နှံကိုလည်း သူ့မိရင်းဖရင်းများသဖွယ် ပြုစုပေးသကဲ့သို့ သားယောကျ်ားလေး မထွန်းကားကြဘဲ သမီးတွေချည်းရှိကြသော ဦးကျော်ရွှေးတို့ကလည်း သူ့ကို သားအရင်းသဖွယ် ချစ်ခင်စောင့်ရှောက်ကြသည်။ ယခင်က ငစဲဟု နှိမ်ချကာခေါ်ခဲ့သည့် မမင်းဘုံကပင် စံနက်ကျော်ကို သခင်လေးဘုရားဟု ပြောင်းလဲရိုကျိုးခဲ့လေသည်။

ဆက်လက်ဖော်ပြပါမည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ပဲပုပ်စတင်စိုက်ပျိုး

ဆိပ်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောဝရပ်ကွက် ကိုင်းစိုက်ပျိုးမြေ တောင်သူ ဦးစောထွန်း၏စိုက်ခင်း၌ ဆီထွက်သီးနှံ ပဲပုပ် ရေဆင်း - ၁၅ မျိုး စံပြသုံးဇက စုပေါင်းစိုက်ပျိုးပွဲကို အောက်တိုဘာလ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်က ဆီထွက်သီးနှံပဲပုပ်ကို ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှစတင်၍ တောင်သူများ၏တောင်းဆိုချက်အရ ပဲပုပ် ရေဆင်း - ၁၅ မျိုးကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှာယူစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ပဲပုပ် ရေဆင်း - ၁၅ မျိုးကို ၃၂ ဇက စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးမည့်တောင်သူများအတွက် စိုက်ပျိုးရေး နည်းပညာများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စံပြစိုက်ခင်းအတွက် ပဲပုပ်ရေဆင်း-၁၅ မျိုး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တောင်သူ ဦးစောထွန်းထံပေးအပ်ပြီး ပဲပုပ် ရေဆင်း-၁၅ မျိုးကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါပဲပုပ် ရေဆင်း-၁၅ မျိုးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ဖြန့်ချိသော ဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းသည့် အထွက်နှုန်းကောင်းမွန်သည့် ပဲပုပ်မျိုးဖြစ်ပြီး အပင်ပေါက်ချိန်မှ ရိတ်သိမ်းချိန်အထိ ရက်ပေါင်း ၁၀၀ မှ ၁၁၅ ရက်အထိသာ ကြာမြင့်ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၈ တင်းမှ တင်း ၃၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ယင်းစိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**




ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ အောက်တိုဘာလ ၁၀ ရက်က ကျောင်းသား၊ ကျောင်းသူများ ကာယပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။ ရန်ကင်း

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

(၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့



နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း အပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် တင်ဒါအမှတ် (၅) မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၄၆၁) မှအတွဲအမှတ် (၅၈၁) အထိကို လည်းကောင်း၊ တင်ဒါအမှတ် (၆) မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၅၈၁) မှ အတွဲအမှတ် (၇၀၀) အထိကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယကသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက မိမိတို့ကြိုက်နှစ်သက်သည့် ကျောက်အတွဲများအား တင်ဒါထည့်သွင်းနိုင်ရေး ကြည့်ရှုစစ်ဆေးနေမှုများကိုလှည့်လည်အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့ပြင် ပြပွဲဝင္ဆုမနေ့တွင်ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာလ ၁၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်မျက်အတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲ အနက် အုပ်စု(အေ) နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာလ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာလ ၁၆ ရက်မှ ၁၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာလ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၁

ဆီးချိုရောဂါရှိသူများအနေဖြင့် အစားအသောက်ကို အလွန်အကျွံ ကန့်သတ်ခြင်း သို့မဟုတ် မိမိနှင့် မသင့်လျော်သော အစားအသောက်ရွေးချယ်မှုများ ပြုလုပ်ခြင်းအစား မိမိ၏ကျန်းမာရေး အခြေအနေနှင့်ကိုက်ညီသော အစားအသောက်များကို သိရှိရွေးချယ်တတ်စေရန်၊ သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုအတွက် အထောက်အကူပြုသော နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်မည့်အစားအသောက် ရွေးချယ်နည်းများ၊ စားသုံးသင့်သည့်ပမာဏသတ်မှတ်နည်းများနှင့် အစားအသောက်ထုပ်ပိုးမှုများအပေါ်ရှိ အာဟာရဆိုင်ရာ အချက်အလက်များကို ဖတ်ရှုနားလည်နိုင်ရန် နည်းလမ်းများကို မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းတို့မှ



နေထိုင်စားသောက်မှုပုံစံများကို လက်တွေ့ကျကျ လိုက်နာနိုင်စေရန်နှင့် ဆီးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများကို လူမှုအသိုင်းအဝိုင်းအတွင်း ပိုမိုပျံ့နှံ့လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံ ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် “ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဟောပြောပွဲ”ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ OKKALA ဆေးရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆီးချိုရောဂါဆိုတာဘာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုကုသရမလဲဆိုသည့် အကြောင်းအရာများ၊ ဆီးချိုရောဂါထိန်းသိမ်းရာတွင် အလွန်အရေးကြီးသည့် “အစားအသောက်စားသုံးမှု” အကြောင်း၊ ဆီးချိုရောဂါနှင့် အစားအသောက်တို့၏ဆက်စပ်မှု၊ အခြေခံအာဟာရဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်သူများက ရှင်းလင်းပြောကြားကြသည်။

ဟောပြောပွဲတွင် ဒေါက်တာအေးစိုးထွန်းက “ဆီးချိုရောဂါရှိသူများအတွက် အခြေခံအာဟာရဗေဒ ဆိုင်ရာသိကောင်းစရာများ”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာကြည်စိုးမြင့်က “လက်တွေ့အသုံးချနိုင်သော အစားအစာရွေးချယ်မှု၊ သင့်တင့်သောပမာဏနှင့် အစားအစာထုပ်ပိုးမှုအပေါ်ရှိ အာဟာရဆိုင်ရာအချက်အလက်များ ဖတ်ရှုနားလည်ခြင်း” ခေါင်းစဉ်တို့ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပြည်သူလူထုအတွက် ဆီးချိုပညာပေးရေးအစီအစဉ်များကို နှစ်လတစ်ကြိမ် ပြုလုပ်သွားရန် စီစဉ်ထားကာ လာမည့်ဒီဇင်ဘာလတွင် ဂရန်းဟံသာဆေးရုံ၌ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

သတင်း/ဓာတ်ပုံ-ကျော်ကြီး

● ရှေ့ပိုးမှအဆက်

မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

အကြံပြုချက်

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုလျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်။

အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ **(မိုး/၈လ)**

❖ ကျောက်မျက်ရတနာပြပွဲမှ

ပြသကြသည်။

ထို့နောက် ပြပွဲခန်းမအတွင်းရှိ ကျောက်မျက်ရတနာအရောင်းဆိုင်ခန်းများကို စိတ်ဝင်တစားကြည့်ရှုလေ့လာဝယ်ယူကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏စီစဉ်မှုဖြင့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၈ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

ရွှေတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျီးသဲ) ၌ စာဖတ်ရှုနိုးမြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး



ရွှေတောင် အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုးမြှင့်မားပြီး အသိပညာ ပိုမိုတိုးတက်လာစေရန်နှင့် လူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာများ ဖလှယ်နိုင်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း (ကျီးသဲ)၌ အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးနေလင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်အမြင်၊ လူငယ်နှင့်ဆင်းရဲခြင်း/ချမ်းသာခြင်း၊ လူငယ်တွေမှားမှာကိုမကြောက်ပါနဲ့၊ လူငယ်တွေ အောင်မြင်ဖို့ တည်ဆောက်ကြရာဝယ် စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ဆီထွက်သီးနှံပဲပုပ် ရေဆင်း-၁၅ မျိုးစေ့များ ပံ့ပိုးပေးအပ်

သရက် အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း စိုက်ပျိုးရေးဌာန၌ ၂၀၂၆ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံပဲပုပ် တိုးချဲ့စိုက်ပျိုးရေး အကျိုးဆောင်တောင်သူများထံ ပဲပုပ်ရေဆင်း-၁၅ မျိုးစေ့များ အခမဲ့ပံ့ပိုးပေးအပ်ပွဲကို အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပသည်။

အဆိုပါ ပံ့ပိုးပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇင်၊ သရက်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပဲပုပ်ဇက ၃၀ အတွက် မျိုးစေ့ ၁၅ တင်းကို ကျေးရွာအုပ်စုသုံးအုပ်စု ကျေးရွာလေးရွာရှိ တောင်သူ ၂၈ ဦးထံ အသီးသီး ပံ့ပိုးပေးအပ်ကြသည်။

သရက်မြို့နယ်၌ ဆောင်းပဲပုပ် ဧက ၇၀ စိုက်ပျိုးရန်လျာထားရာ လက်ရှိအချိန်ထိ ဌာနမှ မျိုးစေ့ဖြန့်ဖြူးမှုဖြင့် ဧက ၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မောင်လှလင်(သရက်)

KBZ ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ တောင်ကြီးမြို့၌ကျင်းပမည်

တောင်ကြီး အောက်တိုဘာ ၁၁

Cherry Land Bikers (CLB) အသင်း၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် KBZ ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း (ကျောက်တိုင်ကွင်း)၌ နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါပြိုင်ပွဲသို့ အမျိုးသား အသက် ၁၈ နှစ်အောက်တန်း၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိတန်း၊ အသက် ၃၆ နှစ်မှ ၄၅ နှစ် အထိတန်း၊ အသက် ၄၆ နှစ်မှ ၆၀ နှစ်အထိတန်း၊ အသက် ၆၀ နှစ်အထက်တန်း၊ အမျိုးသမီး အလွတ်တန်း (Open/Pro)အသက် ၄၅ နှစ်အောက်တန်းတို့၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အထူးစည်းမျဉ်းအနေဖြင့် အသက် ၄၅ နှစ်အောက်ပြိုင်ပွဲများအနက် မြန်မာနိုင်ငံလက်ရွေးစင် စက်ဘီးအားကစားသမားများနှင့် ၂၀၂၃၊ ၂၀၂၄၊ ၂၀၂၅၊ ၂၀၂၆ ခုနှစ်အတွင်း ကျင်းပခဲ့သော စက်ဘီးပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများသည် အသက်အလိုက်တန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဘဲ အလွတ်တန်း(Open/Pro)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက်အလိုက်တန်းများနှင့် အမျိုးသမီးတန်းတို့တွင် ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သိန်း၊ စတုတ္ထဆု ငွေကျပ် ငါးသိန်း၊ ပဉ္စမဆု ငွေကျပ် သုံးသိန်းနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ကျန်နှစ်သိမ့်ဆုများကိုလည်း ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ထို့ပြင် အလွတ်တန်း(Open/Pro)တွင် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ် ခုနစ်သိန်း၊ ပဉ္စမဆု ငွေကျပ် ငါးသိန်းနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ကျန်နှစ်သိမ့်ဆုများကိုလည်း ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် ၂၈၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန် စတော့အိတ်ချိန်း၌ အောက်တိုဘာလပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်းပေါင်း ၁၈၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၈၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာလ ၅ ရက်မှ ၉ ရက်အထိ စုစုပေါင်း ငွေကျပ် ၁၈၇၀၈၆၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၈၄၆၀ အရောင်းအဝယ် ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၄၇၉၂၀၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၇၃၆၆၄၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၅၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၁၄၈၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၁၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ FPB ကုမ္ပဏီမှ ငွေကျပ် ၆၅၄၈၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၆၃၇၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၇၁၁၉၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၀၆၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၄၁၁၀၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၉၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၆၃၀၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၁၅၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအကြောင်းအသိပညာပေးရှင်းလင်း

စစ်ကိုင်း အောက်တိုဘာ ၁၁


စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ပုဂ္ဂလိကမူကြိုကျောင်းများအား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (ECCD Law)အကြောင်း အသိပညာပေး ရှင်းလင်းပွဲကို အောက်တိုဘာလ ၁၀ ရက်က စစ်ကိုင်းမြို့ စစ်ကိုင်းမျက်မြင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (ECCD Law) အကြောင်း အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသည့် ပုဂ္ဂလိက မူကြိုကျောင်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကိုမေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားပေးသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ(ECCD Law) ရှင်းလင်းပွဲသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကမူကြိုကျောင်းများမှ ကျောင်းတည်ထောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

မိုးလေဝသ သတင်း



နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟုယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာစီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီး ကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအား အရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းအသီးသီးအားဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့်အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများကရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့(၁၆:၃၀)နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန်-ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉-၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၂၆ ခုနှစ် အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အထိအထွင်းအသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက် အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်လွှဲ.ရေလွှဲ.ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၂ မိလီမီတာမှ ၃၃ မိလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၄ မိလီမီတာမှ ၄၄ မိလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင်(ခြောက်သွေ့)အခြေအနေနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း (စိုစွတ်)အခြေအနေအသီးသီးရှိနိုင်သည်။ **(မိုး/၈လ)**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အကြုံပြုပြင်ပွဲများကျင်းပ

ပဲခူး အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီးပဲခူးမြို့နယ်အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းမှစတင်၍ အနာဂတ်၏ခေါင်းဆောင်ငယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင် မြင့်မားလာစေရန်၊ စာပေမှတစ်ဆင့် တွေးခေါ်မြော်မြင်မှုနှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာကြည့်တိုက်များရပ်တည်မှု ပိုမိုအားကောင်းလာစေရန်၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အကြုံပြုပြင်ပွဲများကို ကျင်းပလျက်ရှိကြောင်းသိရသည်။

ရှေးဦးစွာ ဆရာကြီး ဦးမင်းရန်နိုင်က ပြုပြင်ပွဲများနှင့်ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ ဖန်တီးနိုင်စွမ်းနှင့်တွေးခေါ်မှုကို လှုံ့ဆော်ပေးသည့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတို့ကို ကျင်းပပြီး ညနေပိုင်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

စာဖတ်ခြင်းသည် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စရိုက်လက္ခဏာကို ပုံသွင်းပေးသည့် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ စာကြည့်တိုက်များသည် လည်း လူ့ဘောင်အဖွဲ့အစည်း၏အသိပညာဘဏ္ဍာတိုက်များ ဖြစ်ကြသည်။ ထို့ကြောင့်အနာဂတ်တွင်နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်ရေး၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ စွဲကျန်ရစ်စေရေးတို့အတွက် ယခုကဲ့သို့ ပွဲတော်အကြိုပြုပြင်ပွဲများကို စနစ်တကျထည့်သွင်းကျင်းပရခြင်းဖြစ်သည့်အပြင် ယခုကဲ့သို့စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုများကို ပြုလုပ်ပေးခြင်းဖြင့် စာပေဖတ်ရှုခြင်း၏တန်ဖိုးကို ပိုမိုနားလည်သဘောပေါက်လာကာ လူငယ်များအကြား အလေ့အကျင့်ကောင်းများ ထွန်းကားလာမည်ဖြစ်သည့်အတွက် အသိပညာကြွယ်ဝသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။ **(၄၁၀)**



RBF စီမံကိန်းဖြင့် မိသားစု၀င်ငွေတိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စောနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘော့သပြေကန်ကျေးရွာ၌ အစုအဖွဲ့လေးဖွဲ့ဖြင့် မွေးမြူထားသည့် နို့စားနွားများနှင့် နွားစာသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး RBF စီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မွေးမြူရေးလုပ်ငန်းကုန်ကျစရိတ်နှင့် ရောင်းချသည့် ဈေးနှုန်းများကို မေးမြန်းဆွေးနွေးသည်။

ထို့နောက်ကျေးရွာရပ်မိရပ်ဖများနှင့် RBF အသင်းသား၊ အသင်းသူများအား စီမံကိန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဘော့သပြေကန်ကျေးရွာ၌ မွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့်အရင်းအနှီးရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့်လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ RBF စီမံကိန်းရန်ပုံငွေကျယ်သိန်း ၃၀၀ နှင့် အသင်း၀င်များ၏ မတည်ငွေကျပ်သိန်း ၁၂၀၀ ကို အသုံးပြုကာ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ**

ဆံပင်ကျန်းမာရေးနှင့် မျှတသောအစားအစာ

ဒေါက်တာသိဂီကျော်

ဆံပင်နှင့်ဦးရေပြားကျန်းမာရေးသည်အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံးအတွက် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ မျိုးရိုးဗီဇနှင့်ပတ်ဝန်းကျင်သာမက နေ့စဉ် စားသုံးသောအစားအစာများသည်လည်း ဆံပင်ကျန်းမာရေးအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ ဆံပင်နှင့် ဦးရေပြားကျန်းမာရေးအတွက် မျှတသောအစားအစာကို နေ့စဉ် စားသုံးရန်အရေးကြီးသည်။ ဆံပင်သည် ပရိုတင်းဓာတ်ဖြင့် အဓိကဖွဲ့စည်းထားသောကြောင့် နေ့စဉ် ပရိုတင်းဓာတ်များစွာ၊ ဇင့်နှင့် Omega-3 ကြွယ်ဝသော အစားအစာများ စားသုံးရန်လည်း လိုအပ်သည်။

လူတစ်ယောက်သည် တစ်နေ့လျှင် ပျမ်းမျှဆံပင် အပင်ရေ ၁၀၀ ခန့်ကျွတ်သည်။ လူအများစုသည် အသက်အရွယ်ရလာသည်နှင့်အမျှ ဆံပင်ပိုကျွတ်လာသည်။ သို့သော်လည်း ပုံမှန်မဟုတ်သော ဆံပင်ကျွတ်ခြင်းသည် အာဟာရချို့တဲ့မှုနှင့် အစားအသောက်ပြဿနာများအပါအဝင် အချက်များစွာကြောင့်ဖြစ်နိုင်သည်။ ဆံပင်ကျွတ်စေနိုင်သော သီးခြားအစားအစာများဟူ၍ သိပ်ပွနည်းကျအထောက်အထားများ မရှိသော်လည်း ဦးရေပြားကျန်းမာရေးနှင့်ဆက်စပ်၍ အစားအစာများက ဆံပင်ကောင်းမွန်မှုကို သက်ရောက်မှုရှိနိုင်သည်။

ပရိုတင်း၊ ဇင့်၊ သံဓာတ် နှင့်မရှိမဖြစ်လိုအပ်သော အဆီများကဲ့သို့ အရေးကြီးသော အာဟာရဓာတ်များချို့တဲ့ပါက ဆံပင်အမြစ်ကို အားနည်းစေပြီး ဆံပင်ကျွတ်လွယ်စေသည်။ ပြုပြင်ထားသော သကြား သို့မဟုတ် ကျန်းမာရေးနှင့်မညီညွတ်သော အဆီများပါဝင်သော အစားအစာများကို အလွန်အကျွံစားသုံးခြင်းက ရောင်ရမ်းမှုနှင့် ဟော်မုန်းဟန်ချက်ညီမှုကို အနှောင့်အယှက်ဖြစ်စေပြီး Sebum ထုတ်လုပ်မှုကိုတိုးမြင့်စေသောကြောင့် ဆံပင်အမြစ်ကိုပိတ်ဆို့စေနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးခြင်းက ကျန်းမာသော ဦးရေပြားကို ထိန်းသိမ်းရန်နှင့် ဆံပင်ကြီးထွားမှုအတွက် အထောက်အကူပြုပေးနိုင်သည်။

သကြားနှင့် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များ

ကိတ်မုန့်များ၊ သကြားလုံးများ၊ အချိုပွဲများ၊ ပေါင်မုန့်၊ ဆန်ဖြူနှင့် ခေါက်ဆွဲများတွင် ရိုးရှင်းသော ကာဗိုဟိုက်ဒရိတ်များနှင့် သကြားပါဝင်မှုမြင့်မားခြင်းကိုတွေ့ရှိနိုင်သည်။ လေ့လာမှုများအရ သကြား၊ ကစီဓာတ်နှင့် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်အလွန်အကျွံပါဝင်သော အစားအစာများသည် အင်ဆူလင်ထုတ်လုပ်မှုကို မြင့်တက်စေသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ အင်ဆူလင်ခံနိုင်ရည်ရှိမှုကို ဖြစ်စေပြီး ဆံပင်ပါးခြင်း သို့မဟုတ် ဆံပင်ကျွတ်ခြင်း ဖြစ်စေနိုင်သည်။

ဂလိုက်စီမစ်အညွှန်းကိန်းမြင့်မားသော အစားအစာများ

သွေးတွင်းဂလူးကို့စ်ပမာဏကို လျင်မြန်စွာ မြင့်တက်စေတတ်သော ဂလိုက်စီမစ်အညွှန်းကိန်း (GI) မြင့်မားသောအစားအစာများနှင့် လွန်ကဲစွာ သန့်စင်ထားသော အစားအစာများကို မကြာခဏ စားသုံးခြင်းသည် အင်ဆူလင်ထုတ်လုပ်မှုကို မြင့်တက်စေသည်။ အထူးသဖြင့် ဆံပင်ပါးခြင်း၊ ကျွတ်ခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ်နေသော အန်ဒရိုဂျင်ပမာဏကို မြင့်တက်စေသည်။

ငါးများတွင်ပါဝင်သော မာကျူရီနှင့် ဆီလီနီယမ်

ငါးများတွင် ပရိုတင်းနှင့် Omega-3 ပါဝင်သောကြောင့် အာဟာရဓာတ်ကြွယ်ဝသော်လည်း ဓားရှည်ငါး၊ မက်ကရယ်ငါးနှင့်ငါးမန်းကဲ့သို့ တချို့အကောင်ကြီးသောငါးမျိုးစိတ်များတွင် ပါဝင်သည့် မာကျူရီပမာဏသည် အန္တရာယ်ရှိလောက်အောင် မြင့်မားသည်။ အနည်းငယ်သော မာကျူရီသည် အကျိုးပြုသော်လည်း မာကျူရီသည် ဇင့်နှင့်ဓာတ်ပြုသည်။

ခန္ဓာကိုယ်တွင် မာကျူရီပမာဏမြင့်မားခြင်းသည် ဆံပင်ကျန်းမာရေးအတွက် အရေးကြီးသော ဇင့်စုပ်ယူမှုကို အနှောင့်အယှက်ပေးသည်။ မာကျူရီများစွာ စားသုံးသောအခါ ကျန်းမာသောဆံပင်အတွက် လိုအပ်သောဇင့်စုပ်ယူမှုကို လျော့နည်းစေသောကြောင့် ဆံပင်ကျွတ်ခြင်းကို ဖြစ်စေနိုင်သည်။

တချို့သောအခွံမာသီးများ

အခွံမာသီးများသည် အာဟာရဓာတ်များ အလွန်ကြွယ်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော်လည်း လူတချို့သည် အခွံမာသီးတချို့ကို ဓာတ်မတည့်ကြောင်း မသိရှိကြသောကြောင့် ဘေးထွက်ဆိုးကျိုး

“လူအများစုသည် အသက်အရွယ်ရလာသည်နှင့်အမျှ ဆံပင်ပိုကျွတ်လာသည်။ သို့သော်လည်း ပုံမှန်မဟုတ်သော ဆံပင်ကျွတ်ခြင်းသည် အာဟာရချို့တဲ့မှုနှင့် အစားအသောက်ပြဿနာများအပါအဝင် အချက်များစွာကြောင့်ဖြစ်နိုင်သည်။ ဆံပင်ကျွတ်စေနိုင်သော သီးခြားအစားအစာများဟူ၍ သိပ်ပွနည်းကျအထောက်အထားများမရှိသော်လည်း ဦးရေပြားကျန်းမာရေးနှင့်ဆက်စပ်၍ အစားအစာများက ဆံပင်ကောင်းမွန်မှုကို သက်ရောက်မှုရှိနိုင်သည် . . .”

ကြော်ထားသောအဆီများသည့် အစားအစာများ

ကြော်ထားသော အဆီများသည့် အစားအစာများသည် အဆီဂလင်းများ၏ အဆီအလွန်အကျွံထုတ်လုပ်မှုကို ဖြစ်စေသောကြောင့် ဆံပင်ကျန်းမာရေးကို ဆိုးကျိုးသက်ရောက်စေနိုင်သည်။ ဦးရေပြားသည် Sebum ဟုခေါ်သော အဆီဓာတ်တစ်မျိုးကို ထုတ်လွှတ်၍ ဦးရေပြားကို စိုစွတ်စေပြီး ချွေးပေါက်များကို ကျန်းမာစေရန် ကူညီပေးသည်။ သို့သော် အဆီများသော အစားအစာများစွာ စားသုံးသော အခါ အဆီဂလင်းများသည် Sebum အလွန်အကျွံထုတ်လုပ်လာပြီး ချွေးပေါက်များနှင့် ဆံပင်အမြစ်များကို ပိတ်ဆို့စေသောကြောင့် ဆံပင်ကောင်းမွန်မှုကို ပျက်စီးစေသည်။

ငါးများတွင်ပါဝင်သော မာကျူရီနှင့် ဆီလီနီယမ်

ငါးများတွင် ပရိုတင်းနှင့် Omega-3 ပါဝင်သောကြောင့် အာဟာရဓာတ်ကြွယ်ဝသော်လည်း ဓားရှည်ငါး၊ မက်ကရယ်ငါးနှင့်ငါးမန်းကဲ့သို့ တချို့အကောင်ကြီးသောငါးမျိုးစိတ်များတွင် ပါဝင်သည့် မာကျူရီပမာဏသည် အန္တရာယ်ရှိလောက်အောင် မြင့်မားသည်။ အနည်းငယ်သော မာကျူရီသည် အနေဖြင့် မကြာခဏ ဆံပင်ကျွတ်ခြင်းကိုဖြစ်စေလေ့ရှိသည်။ အခွံမာသီးများသည် အာဟာရဓာတ်ကြွယ်ဝသော်လည်း ဓာတ်မတည့်မှု သို့မဟုတ် ထိခိုက်လွယ်မှုရှိသူများအတွက် ဆံပင်ကျန်းမာရေးကိုထိခိုက်စေသော ရောင်ရမ်းမှု၊ တုံ့ပြန်မှုများကိုဖြစ်ပေါ်စေနိုင်သည်။ ဓာတ်မတည့်မှုမရှိသူများတွင်ပင် ဘရာဇီးအခွံမာသီးကဲ့သို့ ဆီလီနီယမ်ကြွယ်ဝသော အခွံမာသီးများကို အလွန်အကျွံစားသုံးခြင်းသည် အဆိပ်သင့်မှုကိုဖြစ်စေနိုင်ပြီး ဆံပင်ကျွတ်ခြင်း ပြဿနာများ ဖြစ်စေနိုင်သည်။ ထို့ကြောင့် မျှတသော စားသုံးမှုသည် ဆံပင်ပါးခြင်းကို လျော့ချရန်နှင့် ဆံပင်ကြီးထွားမှုကိုပံ့ပိုးပေးသော်လည်း အလွန်အကျွံ စားသုံးခြင်း သို့မဟုတ် ဓာတ်မတည့်မှုသည်ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုပြဿနာများ ဖြစ်စေနိုင်သည်။

ကာဗွန်နိတ်အချိုရည်များ

ကာဗွန်နိတ်အချိုရည်များ၊ အထူးသဖြင့် သကြားဓာတ်ပါသောဆော်ဒါများနှင့် ပေါ့ပ်များသည် သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေသောကြောင့် ခန္ဓာကိုယ်ရှိ အင်ဆူလင်မျှတမှုကို အနှောင့်အယှက်ဖြစ်စေပြီး သွေးလည်ပတ်မှုကို လျော့နည်းစေသောကြောင့် ဆံပင်ကျန်းမာရေးကို တိတ်တဆိတ်ဖျက်ဆီးနိုင်သည်။ လေ့လာမှုများအရ အစားအသောက်ဆော်ဒါများတွင် Aspartame ဟုခေါ်သော ဓာတုအချိုဓာတ်တစ်မျိုးပါဝင်ပြီး ဆံပင်အမြစ်များကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိခဲ့သည်။ သကြားပါသော ဆော်ဒါများသည် ဇီဝဖြစ်စဉ်နှင့် ရောင်ရမ်းမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကြောင့် ဆံပင်ကျန်းမာရေးကို ဆိုးကျိုးသက်ရောက်စေနိုင်သည်။ ထို့ပြင် ကာဗွန်နိတ်အချိုရည်များကို မကြာခဏသောက်သုံးခြင်းသည် ရေဓာတ်ခန်းခြောက်စေပြီး ဦးရေပြားကို ခြောက်သွေ့စေသောကြောင့် အဖတ်ကွာခြင်း၊ ယားယံခြင်းနှင့် သွေးလည်ပတ်မှုလျော့နည်းခြင်းတို့ကို ဖြစ်စေရုံသာမက အချိန်ကြာလာသည်နှင့်အမျှ ဆံပင်အမြစ်များကို အားနည်းစေသည်။

ကယ်လိုရီကန့်သတ်မှုနှင့်အစားအစာလျှော့ချခြင်း

ကယ်လိုရီကန့်သတ်မှုနှင့် အစားအစာလျှော့ချခြင်းကြောင့် အာဟာရချို့တဲ့မှု အထူးသဖြင့် ဆံပင်ကြီးထွားမှုအတွက် အလွန်အရေးကြီးသော ပရိုတင်း၊ သံဓာတ်၊ ဇင့်နှင့် တခြားဗီတာမင်များ ချို့တဲ့မှုကြောင့် ဆံပင်ကို အားနည်းစေပြီး ဆံပင်ကျွတ်စေနိုင်သည်။ ဆံပင်ကြီးထွားမှုကို ရပ်တန့်စေနိုင်သည်။ အစားအသောက်လျှော့စားခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ ဆံပင်အမြစ်များကို အားနည်းစေပြီး ဆံပင်ပြန်ပေါက်နှုန်း သိသိသာသာနှေးကွေးသွားစေနိုင်သည်။ အစားအသောက်လျှော့စားခြင်းဖြင့် ကိုယ်အလေးချိန်မြန်မြန်ကျစေနိုင်သော်လည်း မရှိမဖြစ်လိုအပ်သောအာဟာရဓာတ်များကို ဆုံးရှုံးစေတတ်သည်။ ပရိုတင်းနှင့် အာဟာရဓာတ် လုံလောက်စွာစားသုံးမှုကို အလေးပေးသော အစားအစာများကို ပြုပြင်စားသောက်ခြင်းဖြင့် ဆံပင်ပြန်ပေါက်လာတတ်သော်လည်း ဆံပင်ကျန်းမာရေးပြန်လည်ကောင်းမွန်လာရန် လပေါင်းများစွာ ကြာနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ဆံပင်ကျန်းမာရေးအတွက် သကြားပါသောအချိုရည်များကို လျော့ချရန်၊ လွန်ကဲစွာပြုပြင်ထားသော အစားအစာများ စားသုံးခြင်းကို ကန့်သတ်ရန်နှင့် ပရိုတင်း၊ သံဓာတ်နှင့် တခြားဗီတာမင်များ လုံလောက်စွာပါဝင်သော အစားအစာများကိုပြုပြင်စားသောက်ရန် လိုအပ်သည်။ သံဓာတ်ချို့တဲ့ခြင်း၊ သိုင်းရွိုက်ရောဂါ၊ စိတ်ဖိစီးမှု၊ ပရိုတင်းဓာတ်နည်းပါးခြင်းနှင့် အန်ဒရိုဂျင်ကြောင့် ဆံပင်ကျွတ်ခြင်းအဖြစ်များသော အကြောင်းရင်းများကိုလည်း ရှာဖွေသင့်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးထားသော မိုးမြေပဲစိုက်ဧကအားလုံး နုတ်သိမ်းပြီးစီး

ကျွန်းလှ အောက်တိုဘာ ၁၁

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးမြေပဲစိုက်ဧကအားလုံး လက်ရှိတွင် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီအတွင်း မြေပဲ ၇၅၈၂ ဧက စိုက်ပျိုးဖို့လျာထားဆောင်ရွက်ခဲ့တာ စိုက်ပျိုးရာသီပြီးဆုံးချိန်မှာ ၇၂၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ဧကအားလုံး နုတ်သိမ်းပြီးဖြစ်လို့ တစ်ဧကကို ၄၃ ဒသမ ၅၃ တင်းလောက်ထွက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိ မိုးမြေပဲစိုက် တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်း ဆီစားသုံးမှုဖူလုံရုံမျှမက ပြည်တွင်းစားသုံးဆီဖူလုံရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



မျိုးဝင်းညီ(ကျွန်းလှ)

အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဝမ်းတွင်း အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီးဝမ်းတွင်းမြို့နယ်၌ ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို အောက်တိုဘာလ ၁၀ ရက်တွင် ဈေးနှင့် လူစည်ကားရာနေရာများ၌ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ်ရှိ လူစည်ကားရာနေရာများဖြစ်သည့် မိတ္ထီလာ-မန္တလေးကားလမ်းမဘေး၊ ဝမ်းတွင်းဈေးကြီးတို့တွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေကြောင်း သိရသည်။ (၄၀၂)



စစ်ကိုင်းမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

စစ်ကိုင်း အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အာလောင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ အာလောင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၉ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့၍ မေလစတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၃၅ အိမ်၊ လူဦးရေ ၁၆၂၀ ဦးတို့အတွက် အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ သူသူ

ဘားအံမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ဘားအံ အောက်တိုဘာ ၁၁

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပန်းစိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုအောက်တိုဘာလ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ပန်းစိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားသည်။

အဆိုပါ ပန်းစိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ငွေကျပ်သန်း ၃၀ ဖြင့်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်း ကိုးနှစ်တာကာလအတွင်းရရှိသည့်အတိုးငွေများအနက်မှငွေကျပ် ၁၀ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေ ကျပ် ၁၀ သန်းစုစုပေါင်း သန်း ၂၀ ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆လက်မလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဩဂုတ်လ ပထမပတ်က ဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်းသိရသည်။ ကိုသက်

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးခဲ့သောမြေပဲစိုက်ကေအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲစိုက်ဧကအားလုံး ရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၆၀၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်နှုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးကို ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီးပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ



ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ ဧကအားလုံးကို ရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးချိန်မှာလည်း လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေလည်း တိုးချဲ့စိုက်ပျိုးလာကြတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေပဲစိုက်ပျိုးတောင်သူများကိုအောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းများကောင်းမွန်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ပေါင်းမြက်များကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် ဝန်ထမ်းများက စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

အပူအအေးကဲပို အယ်လ်နီညို

☞ အယ်လ်နီညို အမည်လှ
လုပ်ရပ်က ကြောက်မက်ဖွယ်။
ပူချင်ပူ အေးချင်အေး
ဘေးအန္တရာယ်။
အင်အားကောင်းလို့ သူခြယ်လှယ်
ဆိုးလွန်းတယ် အစွန်းရောက်။
လူသားတွေ သူမသနား
ဆိုးရွားလို့ခြောက်။

☞ အယ်လ်နီညို သဘာဝဘေး
ကြိုတင်တွေး ပြင်ဆင်မည်။
သီးနှံတွေ စိုက်ပျိုးမှု
တွေးရှုလို့တည်။
ပြင်းထန်တဲ့ အပူချိန်သည်
မိုးခေါင်မည် အကြောင်းတစ်ခု။
ရေကိုသာ ချွေတာသုံးလို့
မဆုံးစေမှု။

☞ မိုးသည်းထန် မုန်တိုင်းတိုက်
မနှစ်ခြိုက် သည်အရာ။
အယ်လ်နီညို မျက်လှည့်ပြ
ကြုံရပေမှာ။
အပူနှင့်အအေး လွန်ကဲစွာ
သက်ရောက်လာ သဘာဝဘေး။
ကျန်းမာချမ်းသာ လူနေမှု
ဂရုပြုပေး။

☞ ကျန်းမာစွာ နေထိုင်ရေး
ဦးစားပေး ပတ်ဝန်းကျင်။
ပြည်သူတွေ လူမှုဘဝ
ကဏ္ဍစုံလင်။
သွားလာမှု ဆင်ခြင်
ကြိုတင်ကာ ဘက်စုံတွေး။
အပူရှောင် စခန်းများ
သွားကြစို့လေး။

☞ အယ်လ်နီညို ရာသီဥတု
ဆိုးရွားမှု အခြေအနေ။
ကြိုတင်ကာ အသိရှိ
သတိပြုစေ။
ကျန်းမာဖို့ လိုပါသလေ
တစ်ကိုယ်ရေ သန့်ရှင်းရေး။
ကြုံလာမည် သဘာဝဘေးမို့
ကြိုတွေးကာ ကာကွယ်မှုကို
ပြုကြမယ်လေး။ ။

မန္တလာကိုကိုဝင်း

စားသုံးရန်မသင့်သည့် အသင့်စား အေးခဲအသားများ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး အသိပညာပေးခြင်းဆောင်ရွက်

ဆိပ်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ စားသုံးရန်မသင့်သည့် အသင့်စား အေးခဲအသားများ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး ရှောင်တခင်ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းကို အောက်တိုဘာလ ၁၀ ရက်က ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို ဒေသခံပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမှကာကွယ်နိုင်ရေး၊ စားသုံးရန်မသင့်သည့် အန္တရာယ်ရှိအစားအစာများကို ထိန်းချုပ်ကာကွယ်နိုင်စေရေးအတွက် ဈေးဆိုင်များကို ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

ထိုသို့စစ်ဆေးခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းဦးဆောင်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများလိုက်ပါ၍ ဈေးဆိုင်များ၌ ခွင့်ပြုချက်မဲ့ ဓာတုဆိုးဆေးများပါဝင်သည့် အစားအစာများ၊ စားသုံးရန်မသင့်သည့် တားမြစ်ထားသော အသင့်စား အေးခဲအသားများ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး အဆိုပါအစားအစာများကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမပြုရန် အသိပညာပေးခြင်းဆောင်ရွက်သည်။

ယင်းနောက် ရေသန့်လုပ်ငန်းများကိုလည်း သတ်မှတ်ည့ွန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ကိုန္စွဲ(အညာမြေ)

မြန်မာ့ရိုးရာပွဲဈေး ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်နှင့်အညီ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းသည့် အနေဖြင့် မြန်မာ့ရိုးရာပွဲဈေးကို လာမည့်နိုဝင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ရှေးခေတ်အဆက်ဆက်မှ ရိုးရာအငွေ့အသက်များ၊ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများ၊ အနုပညာလက်ရာများနှင့် ဓလေ့ထုံးစံများကို တစ်နေရာတည်း၌ စုံလင်စွာတွေ့ရှိခံစားနိုင်မည်ဖြစ်သည်။ ပွဲဈေးအတွင်း ရိုးရာအစားအစာများအပြင် တိုင်းရင်းသားမျိုးစုံတို့၏ ဒေသထွက် စားသောက်ဖွယ်ရာများကိုပါ ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် အထက်အညာဒေသထွက် ပုံးရည်ကြီး၊ ထန်းလျက်၊ ယိုမျိုးစုံ၊ အောက်ပြည်အောက်ရွာထွက် ငါးပိ၊ ငါးခြောက်များနှင့် တောင်ပေါ်ဒေသထွက် လက်ဖက်၊ ပဲပုပ် စသည်တို့အပြင် ယွန်းထည်၊ ကြိမ်ထည်၊ ငွေထည်၊ ပန်းချီကား၊ ရွှေချည်ထိုး၊ ချည်ထည်၊ ပိုးထည်၊ သနပ်ခါး၊ အညာချည်စောင်နှင့် သင်ဖြူးဖျာ စသည့်လက်မှုအသုံးအဆောင်ပစ္စည်း အစုံအလင်ကို တစ်နေရာတည်း၌ ခင်းကျင်းရောင်းချမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

ရန်ကင်း

ဝါးခယ်မမြို့နယ်၌ မိုးစပါးစိုက်ဧကများ အောင်မြင်ဖြစ်ထွန်း

ဝါးခယ်မ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော စပါးစိုက်ဧကများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါး ၂၁၂၂၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်သည်။

“ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါး ၂၁၂၂၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်ပျိုးမီကတည်းက တောင်သူတွေအတွက် စိုက်နည်းစနစ်မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းဝေးစေဖို့ စတဲ့စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော ဆင်းသုခ၊ သီးထပ်ရင်၊ ရက်- ၉၀၊ GW-11၊ GW-1 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် စပါးကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပို့လှုံမှုကိုရောင်းချနိုင်သည့်အတွက် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မော်လမြိုင် အောက်တိုဘာ ၁၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၁၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့်ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ပေ ၁၃၂၀ ၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၁၄၁ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Nova Light ကုမ္ပဏီမှ ယခုနှစ်ဩဂုတ်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတ

စပါးအထွက်နှုန်းတိုးတက်လာစေရေး အသိပညာပေးဆွေးနွေးပွဲနှင့် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း စိုက်ပျိုးထားသောစပါးများ အထွက်နှုန်းတိုးတက်လာစေရေးအတွက် တောင်သူများအား အသိပညာပေးဆွေးနွေးပွဲနှင့် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာလ ၁၀ ရက်က ရေပေါ်သောင်ကျေးရွာအုပ်စု ရေပေါ်သောင်ကျေးရွာမှ တောင်သူဦးသန်းထွန်းလေး၏ ဆင်းသုခစံပြစိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က စပါးတစ်ဧကအထွက်နှုန်း အပြည့်အဝထွက်ရှိစေရေးနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို တောင်သူဦးသန်းထွန်းလေး၏ မိုးစပါးစံပြကွက်၌ကျင်းပပြီး သုည ဒသမ ၁ ဧကကို စပါးဆွေလှေ့စက်ဖြင့်ရိတ်သိမ်းရာ တစ်ဧကလျှင် ၁၂၇ တင်းနှုန်းခန့် ထွက်ရှိသည်။

မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

စပါးစိုက်တောင်သူများဝင်ငွေတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်

ရန်ကုန် အောက်တိုဘာ ၁၁

စပါးစိုက်တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေခံသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အကောင်အထည်ဖော်မည်ဖြစ်၍ တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားသည်။

စပါးပေါ်ချိန်တွင် ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟချက်အခက်အခဲများကိုဖြေရှင်းနိုင်ရန် တောင်သူများ၏သီးနှံများအား သတ်မှတ်သိုလှောင်ရုံများ၌ အပ်နှံစေကာ အရည်အသွေးနှင့် အရေအတွက်ကို တတိယအဖွဲ့အစည်းဖြင့် စနစ်တကျစိစစ်လက်ခံပြီးကုန်လက်ခံပြေစာ ထုတ်ပေးမည်ဖြစ်သည်။ တောင်သူများအနေဖြင့် ယင်းပြေစာကို အာမခံ/အပေါင်အဖြစ် ထားရှိ၍ ကာလတိုချေးငွေများ ရယူသုံးစွဲနိုင်မည်ဖြစ်ပြီး ဈေးကောင်းရချိန်တွင် အပ်နှံထားသော သီးနှံများအား ပြန်လည်ရောင်းချ၍ ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်မည့်စနစ်ဖြစ်သည်။

ယခုနှစ်နိုဝင်ဘာလနှင့် ဒီဇင်ဘာလ စပါးလှိုင်လှိုင်ပေါ်ချိန်တွင် အဆိုပါစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ သိုလှောင်ရုံ မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များအနေဖြင့် အောက်တိုဘာလ အတွင်း ဆက်သွယ်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **ကျော်ဇင်(ရန်ကုန်)**

(၄၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကျင်းပ



ပြည် အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ ပုညကရဏလေးထပ်ဓမ္မာရုံတော်ကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် (၄၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ (၃)ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြည်မြို့ မဟာသုဒဿနာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလ အရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသောဧည့် ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားပြီး တက် ရောက် လာကြသူများက သြဝါဒါစရိယဆရာတော်ကြီးများထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးခဲ့ကြသည်။

ဆက်လက်၍ ဆွမ်းဆန်တော်လောင်းလှူပွဲအား ဆက်လက်ကျင်းပရာ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသောဧည့်ပရိသတ်များက ဆွမ်းဆန်၊ ဆီ၊ ပဲ၊ ဆားနှင့်နဝကမ္မအလှူငွေများလောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်မြို့နယ်အတွင်းရှိ တောရဘုန်းတော်ကြီးကျောင်း ၃၆၀ ကျောင်းမှ ရဟန်း ၁၁၆၀ ပါး၊ သာမဏေ ၁၇၁ ပါး၊ သီလရှင် ၉၀၀ ပါး စုစုပေါင်း ၂၂၃၁ ပါးတို့အတွက် စေတနာရှင်ပြည်သူများကစုပေါင်း ၅၅၂၄၈၀၀၀ အား ဆွမ်းဆန်တော် ၁၅၅၃ အိတ်၊ ဆီ ၃၆၉၀ ပိဿာစုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ် ၁၈၉၂၄၈၀၀၀ အား ဆက်ကပ်လောင်းလှူပူဇော်ကြောင်း သိရသည်။

ဥဿာတိုင်းသား

(၇၆)ကြိမ်မြောက် ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဖြေဆို အောင်မြင်သူများအား ဆုပေးပွဲနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ



တောင်ကြီး အောက်တိုဘာ ၁၁

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)ဗဟိုကကြီးမှူးပြီး ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကျင်းပသည့် (၇၆)ကြိမ်မြောက် ၃၈ ဖြာမင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်ဖြေဆို အောင်မြင်သူများအား ဆုပေးပွဲနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာတိက္ခာလင်္ကာ ဘိဝံသက သြဝါဒကထာဖွင့်ကြားချီးမြှင့်ပြီး နိဂုံးတော်သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသက မဟာပဋ္ဌာန်းမြတ် ဝိပဿနာကျမ်းဒေသနာနှင့်ပတ်သက်၍ သြဝါဒကထာချီးမြှင့်တော်မူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားပြီး YMBA ဗဟို ဥက္ကဋ္ဌကဝမ်းမြောက်စကားလျှောက်ထားသည်။

ယင်းနောက် ဆုရရှိသူများအား ဆုပေးအပ်ရာ အကြီးတန်းမြန်မာဘာသာအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အကြီးတန်း ပအိုဝ်းဘာသာအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ အလတ်တန်းအဆင့် မြန်မာဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို YMBA ဗဟိုဥက္ကဋ္ဌကလည်းကောင်း၊ အလတ် တန်းအဆင့် ရှမ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလတ်တန်းအဆင့် ပအိုဝ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အငယ်တန်းအဆင့် မြန်မာဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အငယ်တန်းအဆင့် ရှမ်းဘာသာတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ အငယ်တန်းအဆင့် ပအိုဝ်းဘာသာတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ် ဥပဒေချုပ်ကလည်းကောင်း၊ မင်္ဂလာပန်းခင်းစိုက်ပျိုးခြင်းခေါင်းစဉ်ဖြင့် ပထမ၊ ဒုတိယနှင့် လူသားနှင့် မင်္ဂလာတရားတော်ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူများကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း ဆုများပေးအပ်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မန္တလေး အောက်တိုဘာ ၁၁

ပွဲကောက်ရောဝံခွန်အနီးဂဲလောင်ချောင်းကိုဖြတ်ကျော်တည်ဆောက်ထားသည့် ယခင်မူလဘေလီတံတားနေရာတွင် အကျယ် ၂၄ ပေ၊ အရှည်ပေ ၆၀၊ ခံနိုင်ဝန် တန် ၂၀ Steel plate girder တံတားအသစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးသဖြင့် ဖြတ်သန်းသွားလာအသုံးပြုနေမှုကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုပြီးတံတားရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရပ်ကွက်(၇)တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၃)အခြေခံပညာအလယ်တန်းကျောင်းနှင့်ပြင်ဦးလွင်ဘူတာကြားရှိအောင်ဇေယျလမ်းမအား ပေ ၁၅၀၀ အထိ မူလ ၂၄ ပေ အကျယ်အား ပေ ၅၀ အကျယ် ၄ လမ်းသွားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရပ်ကွက်ကြီး(၃)၌ ခရီးသွားပြည်သူများ အနားယူအပန်းဖြေရင်း အလွယ်တကူစားသောက်နိုင်ရန် သန့်ရှင်းသပ်ရပ်သည့် ပြင်ဦးလွင်မြို့ညစျေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားမြေနေရာကိုလည်းကောင်း ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမြေနေရာနှင့် ပြေးလမ်းပါဘောလုံးကွင်း တည်ဆောက်သွားမည့်အစီအစဉ်များကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရတနာပုံမြို့သစ် စီမံကိန်းဇက ၃၀၀၀ နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ခါတော်မီပင် ၉၀၇ ပင်နှင့် မဲဇလီပင် ၁၄၅၀ ကို နယ်နိမိတ်တစ်လျှောက် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၅°C
ရန်ကုန်	၂၄°C	/	၃၄°C
မန္တလေး	၂၄°C	/	၃၆°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဆွေးနွေး



မြစ်ကြီးနား အောက်တိုဘာ ၁၁

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍မြစ်ကြီးနားမြို့ စန်းကားယာယီနေရပ်စွန့်ခွာစခန်း၌ ယနေ့ နံနက်ပိုင်းတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်ဖွယ်သဘာဝဘေးအန္တရာယ် များအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဖြစ်စဉ်များကို ကာကွယ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း သိရှိနားလည်ပြီး ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အတူ ကျရောက်လာသည့်ဘေးအန္တရာယ်အပေါ် ရင်ဆိုင်တုံ့ပြန်ရာတွင်လည်း ပြည်သူ့အစိုးရပူးပေါင်းခြင်းအားဖြင့် ထိခိုက်မှုအနည်းဆုံးနှင့်အကောင်းဆုံးရင်ဆိုင်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အယ်လ်နီညိုဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာနိုင်မှုအပေါ် အလေးထားလိုက်နာနေထိုင်ရမည့် အသိပညာများကို ဆွေးနွေးကြရာ စခန်းနေအိမ်ထောင်စုများက သိရှိလိုသည်များ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရေပြတ်လပ်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ရေးစီစဉ်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စခန်းနေမိသားစုများကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ အယ်လ်နီညိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်သိရှိလိုက်နာရမည့်အချက်အလက်များ ပါဝင်သည့်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန္ဓနုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့်ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်


နေပြည်တော် အောက်တိုဘာ ၁၁

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန္ဓနုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည် အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့်ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခန္ဓနုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။


မြဝတီ



အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်














လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste) စနစ်တကျ စီမံခန့်ခွဲရေးနှင့် ပတ်လည်စီးပွားရေး (Circular Economy) ၏ အခန်းကဏ္ဍ

သစ်တောမောင်

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E- waste)

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (Electronic Waste/ E-waste/ Waste Electrical and Electronic Equipment-WEEE) ဆိုသည်မှာ ယေဘုယျအားဖြင့် စွန့်ပစ်ထားသော၊ အသုံးမပြုတော့သော ဟောင်းနွမ်းပျက်စီးနေသည့် လျှပ်စစ်သို့မဟုတ် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုးကိုဆိုလိုသည်။ အဆိုပါပစ္စည်း



များတွင် ဘက်ထရီဖြင့်အသုံးပြုရသော ကလေးကစားစရာများ၊ စွန့်ပစ်ထားသော ရုပ်မြင်သံကြားစက်များ၊ အသုံးမပြုတော့သည့် စမတ်ဖုန်းအဟောင်းများ၊ အသုံးဝင်မှုသက်တမ်း ကုန်ဆုံးသွားသော မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများနှင့် ရေချိန်စက်များ စသည်တို့ပါဝင်သည်။ တစ်နည်းအားဖြင့် လက်ရှိသုံးစွဲသူအတွက် အဆင်မပြေဖြစ်စေသော၊ အသုံးပြု၍ မရတော့သော လျှပ်စစ်စွန့်ပစ်ပစ္စည်းများဖြစ်သည်။

တချို့သော လျှပ်စစ် သို့မဟုတ် အီလက်ထရွန်နစ် အစိတ်အပိုင်းများ အမြဲတမ်းတပ်ဆင်ထားသောပစ္စည်းများသည် ရုတ်တရက်ကြည့်လျှင် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းကိရိယာများဟုမထင်ရသော်လည်း အမှန်စင်စစ် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းကိရိယာများဖြစ်သည်။ ဥပမာအားဖြင့် မီးလင်းသောအောက်ခံပါသည့် ဖိနပ်များ၊ လျှပ်စစ်ဖြင့် ချိန်ညှိနိုင်သော အိပ်ရာအောက်ခံပြားများ (slatted frames)နှင့် အတွင်းပိုင်းတွင် မီးအလင်းရောင်စနစ်တပ်ဆင်ထားသော ဗီရိုများ၊ အင်တင်နာများ၊ လျှပ်စစ်ကြိုးများ(cables)၊ အဒက်တာများ (adapters)၊ ပလတ်ပေါက်များ (sockets) နှင့် ပလတ်များ (plugs) စသည်တို့ ပါဝင်သည်။

သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste)တွင် ကြေးနီ၊ အလူမီနီယမ်၊ သံ၊ ရွှေ၊ ငွေ၊ ပလက်တီနမ်နှင့် ရှားပါးမြေဒြပ်စင်သတ္တုများကဲ့သို့ တန်ဖိုးရှိသော ပစ္စည်းများပါဝင်သကဲ့သို့ ခဲ (Lead)၊ ပြဒါး (Mercury)၊ ကက်ဒမီယမ် (Cadmium)၊ ဟက်ဇာဗာလက်ခရိုမီယမ် (Hexavalent Chromium) နှင့် တချို့သော အန္တရာယ်ရှိဓာတုပစ္စည်းများလည်းပါဝင်နိုင်သည်။ ထို့ကြောင့် စနစ်တကျမစွန့်ပစ်ပါက ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ အောက်ဖော်ပြပါအတိုင်းဖြစ်ပေါ်စေနိုင်သည်။

၁။ မြေဆီလွှာညစ်ညမ်းမှု

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ကို အမှိုက်ပုံများတွင် စုပုံစွန့်ပစ်ခြင်း သို့မဟုတ် မြေမြှုပ်ခြင်း ပြုလုပ်ပါက အတွင်းရှိလေးလံသော သတ္တုများ (Heavy Metals) နှင့်အန္တရာယ်ရှိဓာတုပစ္စည်းများသည် အချိန်ကြာလာသည်နှင့်အမျှ မြေဆီလွှာထဲသို့ စိမ့်ဝင်နိုင်သည်။ ဥပမာ – ခဲ (Pb)၊ ပြဒါး (Hg)၊ ကက်ဒမီယမ် (Cd)၊ ခရိုမီယမ် (Cr) တို့သည် မြေဆီလွှာ၏ အရည်အသွေးကို ထိခိုက်စေနိုင်သည်။ ထိုသို့ညစ်ညမ်းသောမြေတွင် စိုက်ပျိုးသည့် သီးနှံများမှတစ်ဆင့် အဆိပ်အတောက်များသည် အစားအစာကွင်းဆက် (Food Chain) အတွင်းသို့ ဝင်ရောက်နိုင်သည်။

၂။ ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste)မှ အန္တရာယ်ရှိပစ္စည်းများသည် မိုးရေနှင့်အတူ မြေဆီလွှာအတွင်းသို့စိမ့်ဝင်ပြီး မြေအောက်ရေကို ညစ်ညမ်းစေနိုင်သည်။ ထို့ပြင် အမှိုက်ပုံများမှ စီးဆင်းလာသော ရေဆိုးများသည် ချောင်း၊ မြစ်၊ ကန်များအတွင်းသို့ ဝင်ရောက်နိုင်သည်။ ဤသို့ဖြစ်ပေါ်ပါက မြေညစ်ညမ်းမှု၊ မြေအောက်ရေညစ်ညမ်းမှု၊ မြစ်/ချောင်း ညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ရေနေသတ္တဝါများ ထိခိုက်မှုဟူသော သက်ရောက်မှု ကွင်းဆက်ဖြစ်ပေါ်နိုင်သည်။

၃။ လေထုညစ်ညမ်းမှု

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ကိုပြန်လည်အသုံးချရန် စနစ်တကျ နည်းလမ်းမသုံးဘဲ မီးရှို့ခြင်းသည်အလွန်အန္တရာယ်ရှိသည်။ ဥပမာ ပလတ်စတစ်နှင့် အီလက်ထရွန်နစ်အစိတ်အပိုင်းများကိုမီးရှို့ပါက အဆိပ်အတောက်ရှိသော မီးခိုးများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများ ($PM_{2.5}$)၊ လေးလံသောသတ္တုအမှုန်အမွှားများ (Heavy-metal particulates)၊ ဒိုင်အောက်ဆင်း (Dioxins)၊ ဖျူရန်များ (Furans) နှင့် အခြားအန္တရာယ်ရှိသော ဓာတုပစ္စည်းများထွက်ရှိနိုင်ပြီး လေထုအရည်အသွေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။

၄။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအပေါ်သက်ရောက်မှု

မြေ၊ ရေနှင့် လေထုညစ်ညမ်းမှုများသည်ဂေဟစနစ် (Ecosystem)ကိုပါ ထိခိုက်စေနိုင်သည်။ ဥပမာ လျှပ်စစ်စွန့်ပစ်ပစ္စည်းများ (E-waste) ညစ်ညမ်းမှုမှတစ်ဆင့် မြေ/ရေညစ်ညမ်းခြင်း၊ အပင်နှင့် အဏုဇီဝများထိခိုက်ခြင်း၊ အင်းဆက်နှင့် ရေနေသတ္တဝါများ ထိခိုက်ခြင်း၊ အစားအစာကွင်းဆက် ပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်ခြင်း များဖြစ်ပေါ်နိုင်သည်။ အထူးသဖြင့် ရေထဲသို့ အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများဝင်ရောက်ပါက ရေထုညစ်ညမ်းမှုဖြစ်ပြီး ငါးများနှင့် အခြားရေနေသတ္တဝါများတွင် အဆိုပါ ဓာတုပစ္စည်းများ စုပုံလာခြင်း (Bioaccumulation)နှင့် အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများပမာဏ အစာကွင်းဆက်တစ်လျှောက် ပိုမိုမြင့်မားလာခြင်း (Biomagnification)ဖြစ်ပေါ်နိုင်သည်။

၅။ လူသားကျန်းမာရေးအပေါ် သွယ်ဝိုက်သက်ရောက်မှု

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) သည် သဘာဝပတ်ဝန်းကျင်ကိုသာမက လူသားကျန်းမာရေးကိုပါ ထိခိုက်နိုင်သည်။ အထူးသဖြင့် အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများကို စနစ်တကျမကိုင်တွယ်ဘဲ ဖြိုခွဲခြင်း၊ မီးရှို့ခြင်း သို့မဟုတ် အန္တရာယ်ရှိသော နည်းလမ်းများဖြင့် ပြန်လည်ပြုပြင် အသုံးပြုရာတွင် အလုပ်သမားများနှင့် အနီးဝန်းကျင် နေထိုင်သူများအပေါ် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ သက်ရောက်နိုင်သည်။

၆။ သဘာဝသယံဇာတများ ပိုမို အသုံးပြုရခြင်း

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ(E-waste)ကိုပြန်လည်အသုံးချခြင်း မပြုဘဲ စွန့်ပစ်လိုက်ပါက အတွင်းရှိ တန်ဖိုးရှိသောသတ္တုများကို ဆုံးရှုံးရသည်။ ဥပမာ မိုဘိုင်းဖုန်းများမှ ကြေးနီ၊ ရွှေ၊ ငွေ၊ အလူမီနီယမ်၊ မြေရှားဓာတ်သတ္တုများကို ပြန်လည်ရယူနိုင်သည်။ ယင်းတို့ကို လျှပ်စစ်စွန့်ပစ်ပစ္စည်းများ (E-waste) မှ ပြန်လည်မရယူပါက အီလက်ထရွန်နစ်ပစ္စည်းများ အသစ်ထပ်မံထုတ်လုပ်ရန် သတ္တုတူးဖော်ခြင်းများပြုလုပ်ရမည်ဖြစ်ပြီး သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပျက်စီးမှု၊ ရေအသုံးများမှုနှင့် စွမ်းအင်သုံးစွဲမှုတို့ ပိုမိုမြင့်တက်လာနိုင်သည်။

ပတ်လည်စီးပွားရေး (Circular Economy) ၏ အခန်းကဏ္ဍ

လူဦးရေတိုးတက်လာမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နှစ်စဉ်နှစ်တိုင်း အီလက်ထရွန်နစ်ပစ္စည်းအသစ်များ ပိုမိုများပြားစွာအသုံးပြုလာကြသည်။ ထို့အတူ တစ်နှစ်ပြီးတစ်နှစ် အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ပမာဏလည်း ပိုမိုတိုးပွားလာလျက်ရှိသည်။ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အလျင်မြန်ဆုံးတိုးပွားလာနေသော စွန့်ပစ်ပစ္စည်းအမျိုးအစားဖြစ်သည်။ အသုံးမပြုတော့သော အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) အဟောင်းများတွင် ရွှေ၊ ငွေ၊ ကြေးနီ၊ ကိုဘော့ (cobalt) နှင့် လစ်သီယမ် (lithium)



ကဲ့သို့သော တန်ဖိုးရှိသောကုန်ကြမ်းအရင်းအမြစ်များ၊ အထူးသဖြင့် သတ္တုများပါဝင်လျက်ရှိသည်။

အဆိုပါတန်ဖိုးရှိသောကုန်ကြမ်းများကို စွန့်ပစ်လိုက်မည့်အစား ပြန်လည်ရယူပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း သို့ပြန်လည်ထည့်သွင်းအသုံးပြုခြင်းသည် ပတ်လည်စီးပွားရေး(Circular Economy) ၏ သဘောသဘာဝဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝသယံဇာတများကို ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း (Take-Make-Use-Dispose) စီးပွားရေးပုံစံအစား၊ ထုတ်ကုန်များနှင့် ကုန်ကြမ်းများကို တတ်နိုင်သမျှ အချိန်ကြာကြာအသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်အသုံးချခြင်း (Reuse)၊ ပြန်လည်ထုတ်လုပ်ခြင်း (Remanufacture)နှင့် ပြန်လည်အသုံးပြုနိုင်အောင် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) ကို ဆောင်ရွက်သည့် စီးပွားရေးစနစ်ဖြစ်သည်။

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ကို စနစ်တကျစုဆောင်းခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်အသုံးချခြင်း စသည်ဖြင့် အန္တရာယ်ရှိပစ္စည်းများကို လုံခြုံစွာစီမံနိုင်သည်။ တန်ဖိုးရှိသောသတ္တုနှင့်ကုန်ကြမ်းများကို ထုတ်လုပ်မှုစက်ဝန်းအတွင်း ပြန်လည်ထည့်သွင်းခြင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်သကဲ့သို့ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရန်၊ စွမ်းအင်အသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချရန်နှင့် ပတ်လည်စီးပွားရေး (Circular Economy) ဖွံ့ဖြိုးတိုးတက်စေရန်အရေးကြီးသော နည်းလမ်းတစ်ရပ်ဖြစ်သည်။ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste)သည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ရှုမြင်နိုင်သကဲ့သို့ အခြားတစ်ဖက်ကလည်း ကုန်ကြမ်းများ ပြန်လည်ရရှိနိုင်သည့် အရင်းအမြစ်တစ်ခုအဖြစ်ရှုမြင်ပြီး နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အကျိုးရှိစွာအသုံးချနိုင်သည်။

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ထွက်ရှိမှု

အီလက်ထရွန်နစ်ပစ္စည်းများတွင် ပြန်လည်အသုံးချနိုင်သော တန်ဖိုးရှိသည့် ကုန်ကြမ်းအရင်းအမြစ်များ အမျိုးမျိုးပါဝင်သည်။ Global E-waste Monitor 2024 အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste) ထွက်ရှိမှုသည် တန်ချိန် ၆၂ သန်းထွက်ရှိခဲ့ကြောင်းနှင့် စနစ်တကျစုဆောင်းခြင်း၊ ပြန်လည်ပြုပြင် အသုံးပြုမှုနှုန်းမှာ ၂၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၁၄ သို့ ◆

◆ **စာမျက်နှာ ၁၃ မှအဆက်**

၂၀၂၂ ခုနှစ် အချက်အလက်များအပေါ် အခြေခံ၍ တွက်ချက်ထားသော အာဆီယံဒေသတွင်း အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ မူဝါဒနှင့်လက်တွေ့လုပ်ဆောင်ချက်များဆိုင်ရာခြုံငုံသုံးသပ်ချက်အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း အာဆီယံဒေသရှိ လူဦးရေသန်း ၆၈၀ သည်အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်း တန်ချိန် ၄ ဒသမ ၄ သန်း တိတိကို ထုတ်လုပ်ခဲ့ကြပြီး အဆိုပါပမာဏသည် လူတစ်ဦးလျှင်နှစ်စဉ် စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှုနှုန်းထား ပျမ်းမျှ ၆ ဒသမ ၄ ကီလိုဂရမ်ဖြစ်သည်။ အာဆီယံနိုင်ငံများအနက် စင်ကာပူကဲ့သို့သော ဝင်ငွေမြင့်မားသည့်နိုင်ငံများသည် တစ်ဦးလျှင် တစ်နှစ် ၂၀ ဒသမ ၃ ကီလိုဂရမ်နှုန်းဖြင့် အများဆုံး ထုတ်လုပ်လျက်ရှိပြီး ဘရူနိုင်း (၁၉ ဒသမ ၉ ကီလိုဂရမ်) ဒုတိယအများဆုံးနှင့် မလေးရှား (၁၇ ဒသမ ၅ ကီလိုဂရမ်) တို့က တတိယအများဆုံး ထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ တစ်နှစ်တာအတွင်းထုတ်လုပ်သည့် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းပမာဏမှာ တစ်ဦးလျှင် ၁ ကီလိုဂရမ်မှ ၂ ကီလိုဂရမ်ခန့်သာရှိပြီး ၎င်းပမာဏသည် ဒေသတွင်း ပျမ်းမျှပမာဏဖြစ်သည့် ၆ ဒသမ ၄ ကီလိုဂရမ်ထက် များစွာလျော့နည်းသည်။ အာဆီယံဒေသတစ်ဝန်းရှိ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste)ကို စနစ်တကျပြန်လည်အသုံးပြုမှုနှုန်းမှာ လက်တွေ့အားဖြင့် သုညရာခိုင်နှုန်းသာရှိပြီး ထွက်ရှိလာသော အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်း စုစုပေါင်း၏ ၁ ရာခိုင်နှုန်းအောက် ပမာဏကိုသာ တရားဝင်သတ်မှတ်ထားသော လုပ်ငန်းစဉ်များမှတစ်ဆင့် စနစ်တကျ စုဆောင်းရယူလျက်ရှိသည်ဟုဆိုသည်။

စနစ်တကျပြန်လည်အသုံးပြုခြင်း လုပ်ငန်းစဉ်များ


အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste) ကို ပြန်လည်အသုံးချရာတွင် စက်ပိုင်းဆိုင်ရာ (mechanical)၊ အပူပေးခြင်းဆိုင်ရာ (thermal)နှင့် ဓာတုဗေဒဆိုင်ရာ (chemical) လုပ်ငန်းစဉ်များကို အသုံးပြုကြရသည်။ တစ်နည်းအားဖြင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးချခြင်း လုပ်ငန်းစဉ်အနေဖြင့် စက်ဖြင့်ကြိတ်ခွဲခြင်း၊ လက်ဖြင့် ရွေးချယ်ခြင်း၊ သံလိုက်ဖြင့် ခွဲထုတ်ခြင်း၊ စစ်ထုတ်ခြင်း၊ အလင်းရောင်နှင့် လေဖိအားခွဲခြားခြင်း၊ ဆေးကြောခြင်းနှင့် သတ္တုဗေဒဆိုင်ရာ လုပ်ငန်းစဉ်များကို ပေါင်းစပ်အသုံးပြု၍ သတ္တု၊ ပလတ်စတစ်နှင့် အခြားတန်ဖိုးရှိသော ကုန်ကြမ်းများကို ပြန်လည်ရယူအသုံးပြုကြရသည်။ သို့သော်လည်း အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများအများစုတွင် မတူညီသော ပစ္စည်းအမျိုးအစားများစွာပါဝင်ခြင်း၊ တချို့သော ပစ္စည်းများမှာ အလွန်သေးငယ်သော ပမာဏသာ ပါဝင်လေ့ရှိခြင်း၊ တစ်ခုနှင့် တစ်ခုခွဲထုတ်၍မရအောင် အခိုင်အမာ ချိတ်ဆက်တပ်ဆင်ထားခြင်းတို့ကြောင့် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများကို ခွဲထုတ်၊ ရယူ၊ ပြန်လည်အသုံးချခြင်းသည် နည်းပညာပိုင်းနှင့် စီးပွားရေးပိုင်းအရ စိန်ခေါ်မှုများသော လုပ်ငန်းတစ်ရပ် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်စွန့်ပစ်ပစ္စည်းများ (E-waste) စီမံခန့်ခွဲမှု

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် ဧပြီလ ၆ ရက်တွင် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘေဆယ်ကွန်ဗင်းရှင်း (Basel Convention) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို တင်ပို့ခြင်းနှင့်ပတ်သက်၍ ဘေဆယ်ကွန်ဗင်းရှင်းသတ်မှတ်ချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၇-၆-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၃) တို့ကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းကို ပြည်တွင်းသို့တင်သွင်းခြင်းနှင့် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်း (transit) တို့ကို တင်းကျပ်စွာတားမြစ်ထားသည်။ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) သီးခြားစုဆောင်းစနစ်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုမှုမြှင့်တင်ခြင်း၊ တရားဝင် Recycling စက်ရုံများ ဖွံ့ဖြိုးစေခြင်း၊ ထုတ်လုပ်သူတာဝန်ယူမှု ထုတ်လုပ်သူမှတာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် သတ်မှတ်ချက် (Extended Producer Responsibility – EPR) စနစ်များ ကျင့်သုံးခြင်းတို့အတွက် စနစ်တကျ စိစစ်ကြီးကြပ်လျက်ရှိသည်။

ပတ်လည်စီးပွားရေးစနစ် (Circular Economy) ဖွံ့ဖြိုးရေး

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) သည် ကမ္ဘာတစ်ဝန်းတွင် အလျင်အမြန်တိုးပွားလာနေသော စွန့်ပစ်ပစ္စည်းအမျိုးအစားတစ်ရပ် ဖြစ်ပြီး စနစ်တကျစီမံခန့်ခွဲမှုမရှိပါက လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ သို့သော် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste)ကို စနစ်တကျပြန်လည်အသုံးချခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာမက သဘာဝအရင်းအမြစ်များကို ချွေတာနိုင်ရန်နှင့် ပတ်လည်စီးပွားရေးစနစ် (Circular Economy) ဖော်ဆောင်ရန်အတွက်လည်း



အရေးကြီးသောအခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် ပြည်သူများအနေဖြင့် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ (E-waste) စုဆောင်းမှုစနစ်များကို ခိုင်မာစေရန်၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်မှုနည်းသော ပြန်လည်အသုံးချနည်းပညာများ ဖွံ့ဖြိုးစေရန်၊ ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများတိုးမြှင့်ရန်နှင့် ထုတ်လုပ်သူများအနေဖြင့် ထုတ်ကုန်သက်တမ်းတစ်လျှောက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းဖြစ်ပေါ်မှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးချခြင်းနှင့် သင့်လျော်စွာ စွန့်ပစ်ခြင်းတို့ကိုစနစ်တကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (E-waste) ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသောအရင်းအမြစ်များကို ပြန်လည်ရယူအသုံးချပြီး ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ။

ကိုးကား

International Telecommunication Union (ITU) & United Nations Institute for Training and Research (UNITAR), 2024. The Global E-waste Monitor 2024. Geneva and Bonn: ITU and UNITAR.

World Health Organization (WHO), 2021. Children and Digital Dumpsites: E-waste Exposure and Child Health. Geneva: World Health Organization.

Soudachanh, S., & Salhofer, S., 2025. E-waste in ASEAN: An overview of policies and practices. The 11th 3R International Scientific Con-ference on Material Cycles and Waste Management, Jeju Island, South Korea.

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၁၊ ၀၆၇-၃၄၀၄၉၂။ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၀၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၃၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအားကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့်အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၁-၁၀-၂၀၂၆

ဘိုကလေး	သုည	ဒသမ	၉၀ လက်မ
ဥက္ကံ	သုည	ဒသမ	၈၇ လက်မ
ငါးသိုင်းချောင်း	သုည	ဒသမ	၈၇ လက်မ
ဇလွန်	သုည	ဒသမ	၈၃ လက်မ
ဟိုင်းကြီးကျွန်း	သုည	ဒသမ	၇၉ လက်မ
သိမ်ဇရပ်	သုည	ဒသမ	၅၅ လက်မ
ရေး	သုည	ဒသမ	၅၁ လက်မ
မြဝတီ	သုည	ဒသမ	၃၅ လက်မ
ခရမ်း	သုည	ဒသမ	၂၈ လက်မ
ကျိုင်းတုံ	သုည	ဒသမ	၂၈ လက်မ
ဗျာပုံ	သုည	ဒသမ	၂၀ လက်မ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကိုသိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောက်ထုနယ်မြေ(နေပြည်တော်)၊ ဓမ္မာသိရိမြို့နယ်ရှိအမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်ထွင်ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်းပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



“ကလေးတွေအနေနဲ့ ဒီစစ်ဆေးမှုပြတိုက်ကို လာရောက်လေ့လာတာဆိုတော့ သူတို့က ပြဋ္ဌာန်းစာအုပ်ထဲမှာ သင်ကြားသိရှိခဲ့ရတဲ့ သင်ခန်းစာတွေကို ဒီစစ်သမိုင်းပြတိုက်ကြီးမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခွင့်ရရှိတဲ့အတွက် သူတို့မှာ ဗဟုသုတတွေ အများကြီးတိုးပွားပါတယ်။ ဒီထက်မကလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေလည်း ပိုပြီးတော့တိုးပွားရရှိလာမယ်လို့ ထင်ပါတယ်ရှင့်။ အခုလိုမျိုး ဒီစစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် ကူညီပံ့ပိုးပေးခဲ့သော တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ လူကြီးမင်းများအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်”ဟုပြောသည်။

“စစ်ဆင်ရေးပြတိုက်ကိုလာရောက်လေ့လာရတဲ့အတွက်လည်း ဝမ်းသာရပါတယ်။ စစ်သမိုင်းပြတိုက်မှာ ရှေးမြန်မာမင်းတွေရဲ့ သမိုင်းအကြောင်းတွေ၊ တိုက်လေယာဉ်တွေ၊စစ်လေယာဉ်တွေရဲ့အကြောင်း



တွေ၊ သင်္ဘောတွေရဲ့အကြောင်းတွေ၊ လက်နက်တွေရဲ့အကြောင်းတွေကိုလည်းသိရှိရပါတယ်။ အခုလိုမျိုးလာရောက်လေ့လာခွင့်ရအောင် ကူညီဆောင်ရွက်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်”ဟုပြောသည်။

(၁၀၀)

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ရေဘေးသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စက်ယန္တရားများ အသုံးပြု၍ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှ စတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့် အပြင် ထားဝယ်- လောင်းလုံး - ကျောက်နီမော် - ရှင်မော်လမ်းမကြီး ပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ် - လောင်းလုံး - ကျောက်နီမော် - ရှင်မော်လမ်းမကြီး ပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများသည်လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိမြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့၊ ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဉ္စသီမော်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

➤ ရှေ့ဖုံးမှအဆက်

အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နှိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာလ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလျှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနှိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာလ ၁၀ ရက် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ ထပ်မံ၍ ယခင်နှိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနှိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နှိမ့်မြင့်အမှတ် ၃၁၅ ပေအား နှိမ့်မြင့်အမှတ် ၃၀၅ ပေယူသို့သိုလှောင်ရေသပေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည် သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍အထိုက်အောက်တိုဘာလ ၁၁ ရက်နေ့ အောက်တိုဘာလ ၁၁ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၁၂ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် လျော့နည်းသွားကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှောနှိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆) စု၊ ကျေးရွာ (၃၀) ရွာ၊ အင်္ဂိုပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆)စု၊ ကျေးရွာ(၂၀)ရွာ၊ စုစုပေါင်းကျေးရွာအုပ်စု (၁၂)စုရှိ ကျေးရွာ (၅၀) ရွာမှ ဒေသခံပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)တို့ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၁၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး)တို့ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအတွင်းရှိမြို့တော်ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးကျော်သူဝင်းက အဆောက်အအုံဌာနဥပဒေ၊ နည်းဥပဒေနှင့် လိုက်နာရမည့် အချက်အလက်များခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်ဂျင်နီယာပညာရှင် ဒေါ်ခင်မေဌေးက Soil Investigation and Its Importance ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်ဂျင်နီယာပညာရှင် ဦးဇော်ဝင်းက Public Safety, environmental safety and their Responsibility of (PE)၊ (RSE)၊(RE) ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် မန္တလေးမြို့တော်ဝန်ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးရွှေဇင်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် မန္တလေးတိုင်းဒေသကြီးအသင်းခွဲမှ ဆောင်ရွက်ပေးလျက်ရှိသည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု (PE)၊(RSE)၊(RE) လက်မှတ်ရအင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

အသားတိုးကြက်ခြံနှင့် ငါးမွေးကန်သို့ အယ်လ်နီညိုနှင့် ပတ်သက်၍ အပူဒဏ်ကာကွယ်ရေး၊ တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေး ကွင်းဆင်းစစ်ဆေး

မတ္တရာ အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်၌ အယ်လ်နီညိုနှင့်ပတ်သက်၍ အပူဒဏ်ကာကွယ်ရေး၊ တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ယနေ့နံနက် ၁၀ နာရီတွင် ဘေးမဲ့ကျေးရွာရှိ အသားတိုးကြက်ခြံနှင့် ငါးမွေးကန်များသို့ ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့်အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူ၊ ငါးလုပ်ငန်းဦးစီးမှူး ဦးလှိုင်ဝင်းသန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဦးနှင့် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းထိန်တို့သည် ငါးမွေးကန်များနှင့် အသားတိုးကြက်မွေးမြူရေးခြံများသို့ သွားရောက်ကာ အယ်လ်နီညိုနှင့်ပတ်သက်၍ အပူဒဏ်ကာကွယ်ရေး၊ ရေပြတ်လပ်မှု မရှိစေရေး၊ တိရစ္ဆာန်များ heat stroke မဖြစ်ပေါ်စေရေး၊ တိရစ္ဆာန်ထိခိုက်မှုမရှိစေရေး၊ ကာကွယ်စောင့်ရှောက်ရေးနည်းစနစ်များနှင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးတို့အား အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေရာသား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင်ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၆၃)ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဖိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

✦ ကျော်ဖုံးမှအဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက်တပ်မတော်(ကြည်း၊ ရေ၊ လေ)တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ (A)၌ အဆင့်အလိုက် ဖလိုင်းဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊ ဟဲဗီးဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ (C)၌အမျိုးသားဗန်တိုအတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသားပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက် ဗိုလ်လုပွဲစဉ်အမျိုးသား ဓားတစ်လက် အတိုက် (က)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ဓားနှစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသမီး ဓားတစ်လက်အတိုက် ဗိုလ်လုပွဲ ပွဲစဉ် ခွဲမှုးဆရာအဆင့် ဓားနှစ်လက် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် အချုပ်၊ အဖြည် စွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပရာ အခြေခံအထိ(၆)ချက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄ သင်းမှ လည်းကောင်း၊ (၄)ပေါက်တန်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄ သင်းမှ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၅၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်ဆဲရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသား ဓားနှစ်လက်အတိုက်(ခ)တန်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၅၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။

ပြိုင်ပွဲပထမပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း အနေဖြင့် အုပ်စုပထမဖြင့် တက်ရောက်လာသောအသင်းဖြစ်သည်နှင့်အညီ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းဘက်သို့ ဂိုးပိုင်ဆိုင်မှုအသာစီးဖြင့်ဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ပြီး ပထမပိုင်းပွဲကစားချိန်ပြီးခါနီးချိန် ၄၅ မိနစ် ၂၅ စက္ကန့်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ပထမပိုင်း ပွဲကစားချိန်အပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအနေဖြင့် ချေပဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ကြိုးပမ်းကစားခဲ့သော်လည်း ပွဲကစားချိန်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အောက်တိုဘာလ ၁၆ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာ ရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

(၁၀၀)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျှောကျမှုအား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







ပုသိမ် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးစွာ မမြရေလှောင်တမံ အရေးပေါ်ရေပိုလွှဲအား မြေတူးစက်တစ်စီးဖြင့် ၃၁ ပေမှ ၃၀၇ ပေ သို့ ထပ်မံနှိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှု၊ တမံအိလျှောကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေ ဆင်ခြေလျှောဏ်အပြင်ဘက်မှ မြေသားတမံပုံစံတမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေတူးစက်သုံးစီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်မှ ရေတံခါး နှစ်ပေါက်ဖြင့် ပျမ်းမျှ ၄၀၀ ကုဗပေ/စက္ကန့်နှုန်းခန့် ဖြင့် ရေထုတ်လွှတ်နေမှု၊ တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိလျှောကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိလျှောမှုအခြေအနေ၊ ကာကွယ်ထိန်းသိမ်းမှုအခြေအနေနှင့် ရေဝါချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှု အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို ဆန်ရိက္ခာများနှင့် ပြည်သူများကြိုတင်ရွှေ့ပြောင်းရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စူပါအယ်လ်နီညိုကြောင့် အပူဒဏ်သက်သာစေရေး ဆန်းရှိတ်စများမိုးခြင်းလုပ်ငန်းဆောင်ရွက်

အိမ်မဲ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့မဈေးအတွင်း ဈေးလာရောက်ဝယ်ယူသူများနှင့် ဈေးရောင်းချသူများ စူပါအယ်လ်နီညိုကြောင့် အပူဒဏ်သက်သာစေရေးအတွက် ဈေးအတွင်းလျှောက်လမ်းများ၌ ဆန်းရှိတ်စများ မိုးခြင်းလုပ်ငန်းကို ယမန်နေ့က အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုကို အိမ်မဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးအတွင်းလျှောက်လမ်းများ၌ ဆန်းရှိတ်စများ မိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် အပူဒဏ်ကိုသက်သာစေပြီး ဈေးအတွင်းသွားလာလှုပ်ရှားရာတွင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

▲ ကျောဖုံးမှအဆက်

စစ်ဆေးနိမ့်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့်လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာလ ၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့်အဆောက်အအုံများအနက် ၅ ထပ်အဆောက်အအုံ ၂ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ ၁ လုံးနှင့် ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးအဆောက်အအုံ ၁ လုံး ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ယမ်းပြင်၊ ယမ်းကပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။











မော်လမြိုင်မြို့၌ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Phase 4) ဖွင့်လှစ်



မော်လမြိုင် အောက်တိုဘာ ၁၁

မွန်ပြည်နယ် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း(Phase 4) ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းဆောင်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင်မွန်ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းပို့ချသည့် နည်းပြဆရာ၊ ဆရာမများ၏ ပို့ချမှုများကို အလေးအနက်ထားပြီး သင်တန်းမှရရှိသည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို မိမိတို့ကျောင်းတွင်ထိထိရောက်ရောက်လက်တွေ့ သင်ကြားပေးကြရန်၊ အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ်များအား ပညာရည်ပြည့်ဝသောနိုင်ငံ့သားကောင်းများဖြစ်လာစေရန်လက်ဆင့်ကမ်းသင်ကြားပေးကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေး

ဘားအံ အောက်တိုဘာ ၁၁

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လူထုလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာအနီးရှိ သံဝေဇနိယဗုဒ္ဓဂယာခရီးစဉ်ဒေသ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဗုဒ္ဓဂယာချစ်သူများ၊ ခလောက်ထောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဗုဒ္ဓဂယာခရီးစဉ်ဒေသ ပရိဝုဏ်အတွင်းရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များဖယ်ရှားခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေး လူထုလှုပ်ရှားမှုကို ကရင်ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော် မတီ၊ ကရင် ပြည် နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဗုဒ္ဓဂယာချစ်သူများနှင့် Clean Hpa-an တို့ ပူးပေါင်း၍ ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများသည် နေ့စဉ်ခရီးသွားဧည့်သည်များ ဝင်/ထွက် သွားလာလျက်ရှိသည်နှင့် အညီ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကြောင့် ခရီးစဉ်ဒေသ၏ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန်၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ပြီး ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန်၊ မြေယာထိန်းသိမ်းမှု လုပ်ငန်းကိုမြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစယဉ်ဌေးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစောခေါင်ပန်ထော့တို့က သွားရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ပြည်သူပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများ ဖြစ်စေရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စနေ၊ တနင်္ဂနွေနေ့တို့တွင် အခါအားလျော်စွာ အသိပညာပေးလူထုလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ဒုတိယနေ့ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၁၉၂) ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ဒုတိယနေ့ကို ယမန်နေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရာတွင် စစ်ကဲကုန်းရပ်ကွက် ဝတ်ကြီးဘုရားမှ သီရိမြိုင်ရပ်ကွက် အတုလမာန်အောင်ဘုရားအရှေ့အထိ လှည့်လည်အလှူခံခဲ့ရာ စာရင်းရှိ ကျောင်းပေါင်း ၅၁၀ မှ ရဟန်း၊ သာမဏေ ၉၁၉၈ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၁၅၇၈ ပါး စုစုပေါင်း ၁၀၇၇၆ ပါး အနက်ကျောင်းပေါင်း ၄၀၄ ကျောင်းမှ ရဟန်း၊ သာမဏေ ၇၇၂၄ ပါးနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး ၁၅၇၀ ပါး စုစုပေါင်း ၉၂၉၄ ပါးတို့ ကြွရောက်အလှူခံကြသည်။

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၈၀၀ ခန့် ပါဝင်လောင်းလှူကြသည်။

လှူဒါန်းမှုအနေဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှ ဆန်တင်း ၆၈၀၊ ဒေသခံပြည်သူများက ဆန် ၅၅၆၂ တင်း စုစုပေါင်း ဆန် ၆၂၄၂ တင်း လောင်းလှူကြသည်။ ထို့ပြင် ရှေ့ပြေးဖလား ၁၁ လုံးမှ အလှူငွေကျပ် ၆၅၆ သိန်းနှင့် ဘုရားမဲပေါက် သည့် ကုသိနာရုံဘုရား ဂေါပကအဖွဲ့မှ အလှူငွေကျပ် ၂၉၁ ဒသမ ၂၂ သိန်းရရှိကြောင်း သိရသည်။

(၄၀၆)

ဝင်ငွေတိုးစီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

ဖျာပုံ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၈)ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်တို့မှကျေးလက်နေပြည်သူများ ဘဝဖွံ့ဖြိုးတိုးတက်ပြီး တစ်ပိုင်တစ်နိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး အိမ်တွင်းတစ်ပိုင်တစ်နိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းအဖြစ်ဆောင်ရွက်နိုင်စေရန် ဝင်ငွေတိုးစီမံကိန်းအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။



အဆိုပါလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲတွင် ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက စီမံကိန်းလုပ်ငန်းများဖြစ်သော စက်ချုပ်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇိုင်းအင်္ကျီပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းတို့နှင့် အခြေခံနှင့် မွမ်းမံသင်တန်းတို့တွင် ထူးချွန်ကြသော သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုး၊ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်တို့ရှိ စီမံကိန်းဝင်ကျေးရွာတို့မှ သင်တန်းများတွင် ထူးချွန်ကြသော သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ကြရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြကြောင်း သိရသည်။

နေကိုထိုက်

၁၁-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်း**မှာ (၇,၁၀၀,၀၀၀)ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ



မြဝတီမြို့နယ် ဧရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

မြဝတီ အောက်တိုဘာ ၁၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဧရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဧရပ်ဖြူကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၁၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၄၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၈ ဒသမ ၁ သန်းအား အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

မိနန်းလေး

လွိုင်ကော်မြို့၌ ကယားပြည်နယ်လွတ်တော်ဥက္ကဋ္ဌဖလား အသက် ၄၀ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လွိုင်ကော် အောက်တိုဘာ ၁၁

ကယားပြည်နယ်လွတ်တော်ကကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ကယားပြည်နယ်လွတ်တော်ဥက္ကဋ္ဌဖလား အသက် ၄၀ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်အားကစားကွင်း (ဒေါ်ဥခူ)၌ကျင်းပရာ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ်တရားသူကြီးချုပ်၊ပြည်နယ်လွတ်တော်ဒုတိယဥက္ကဋ္ဌ၊ပြည်နယ်ဝန်ကြီးများ၊ လွတ်တော်သုံးရပ်မှ လွတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဌာနဆိုင်ရာအသင်းနှင့် Old Star FC အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ Old Star FC အသင်းက ဌာနဆိုင်ရာအသင်းကို ၃ ဂိုး ၁ ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များနှင့်ပြည်နယ်ဝန်ကြီးများက ဒိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင် အသင်းများအား ဂုဏ်ပြုငွေများကို လည်းကောင်း၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၇ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဩဂုတ်လ ၁၉ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနှင့်တနင်္ဂနွေနေ့တို့တွင် အမှတ်ပေးစနစ်ဖြင့်ကစားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ဒီယိုမန်ဒီ၏ သွင်းဂိုးဖြင့် ဗီလာရီးယဲလ်အသင်းကိုအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၁

စပိန်လာလီဂါပွဲစဉ်(၈)အဖြစ် စပိန်နိုင်ငံ မက်ဒရစ်မြို့ ဘာနေဗျူးကွင်း၌ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗီလာရီးယဲလ်အသင်းတို့ ယနေ့ နံနက် ၁ နာရီ မိနစ် ၃၀ တွင် ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ဒီယိုမန်ဒီ၏သွင်းဂိုးဖြင့် ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်ဗီလာရီးယဲလ်အသင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်မြှင့်ကစားခဲ့ကြသည်။ ရီးယဲလ်မက်ဒရစ်အသင်း ဂိုးကန်သွင်းမှုအခွင့်အရေးများရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အသုံးချနိုင်ခြင်းမရှိသဖြင့် ပထမပိုင်းပွဲကစားချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဗယ်ဗာဒီ၏ပေးပို့မှုမှ တစ်ဆင့် အသက် ၁၉ နှစ်အရွယ် လူငယ်ကြယ်ပွင့်ကစားသမား ဒီယိုမန်ဒီက ပွဲကစားချိန် ၆၂ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၇၃ မိနစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ဗင်နီစီးရက်က ဗီလာရီးယဲလ်အသင်းကစားသမား နေသန်ဆာလီဘာ၏ ဆံပင်ကို ဆွဲခဲ့သောကြောင့် ကွင်းလယ်ဒိုင်၏တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ထို့နောက် ဗီလာရီးယဲလ်အသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း ဂိုးသမား၏လက်မွှေးပြကာကွယ်နိုင်မှုကြောင့် ပွဲပြီးဆုံးချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဗီလာရီးယဲလ်အသင်းကို ၁ ဂိုး ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၉)အဖြစ် အောက်တိုဘာလ ၁၉ ရက်တွင် ဆီးဗီးလားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ZMO**

➪ **ကျောဖုံးမှအဆက်**

ယနေ့ပြိုင်ပွဲသည် အာရှဖလားတက်ရောက်ခွင့် အဆုံးအဖြတ်ပွဲဖြစ်သလို အုပ်စုတွင်းခြေရည်တူ ပြိုင်ဘက်ကောင်းအသင်းတစ်သင်းနှင့်ယှဉ်ပြိုင်ရသည့် ပွဲကောင်းတစ်ပွဲလည်းဖြစ်သည်။ နှစ်သင်းလုံး ဂူအမ်အသင်းကို အနိုင်ကစားထားပြီး တစ်ပွဲနိုင် သုံးမှတ်စီနဲ့ သွင်းဂိုးရရှိမှုတွင်လည်း ကိုးဂိုးစီ သွင်းယူထားနိုင်၍ ဂိုးကွာခြားချက် ပါတူညီနေသည်။ ယခုခြေစစ်ပွဲစည်းမျဉ်းအရ အုပ်စုတွင်းပထမရရှိသည့် အသင်းတစ်သင်းသာ ယူ-၁၇ အမျိုးသမီးအာရှဖလားပြိုင်ပွဲ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ နှစ်သင်းလုံးအကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြန်မာအသင်းသည်ယနေ့ပွဲတွင် နိုင်ပွဲရဖို့ ဂူအမ်အသင်းနှင့်ပွဲတွင် ကစားခဲ့သည့် ကစားသမားနှစ်ဦးသာ အပြောင်းအလဲပြုလုပ်ယှဉ်ပြိုင်ခဲ့သလို ဟောင်ကောင်အသင်းသည် ဂူအမ်အသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားစာရင်းအတိုင်းပွဲထွက်လာသည်။ ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်နောက်ပိုင်း မြန်မာအသင်း ဟောင်ကောင်ဂိုးဧရိယာအတွင်း ထိုးဖောက်ဝင်ရောက်နိုင်ပေမယ့် နောက်တန်းနှင့် ဂိုးသမားတို့ ဟန့်တားကာကွယ်နိုင်၍ အဖွင့်ဂိုး နောက်ကျခဲ့သည်။ သူတစ်ပြန် ပွဲကစားချိန် ၁၀ မိနစ်နောက်ပိုင်း ဟောင်ကောင်ဂိုးဧရိယာအတွင်း ဂူအမ်အသင်းကစားသမား Wong Tsz Yiu ရဲ့ အဝေးကန်ချက်နဲ့ ဟောင်ကောင်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။

မြန်မာအသင်းချေပဂိုးရရှိရေး ပြိုင်ဘက်အသင်းကို အကောင်းဆုံးဖိအားပေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၄၁ မိနစ်တွင်နေမျိုးသူသူအောင်ရဲ့ ကွင်းလယ်ကဖန်တီးပေးပို့မှုကနေ ရှင်းသန့်ဖြူစင်ပြီးက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်မြှင့်ကစားခဲ့ရာ ဂိုးရဖို့ကိုယ်တစ်ပြန် ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၂၈ မိနစ်တွင် Wong Tsz Yiu ရဲ့ အဝေးကန်ချက်နဲ့ ဟောင်ကောင်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။

မြန်မာအသင်းချေပဂိုးရရှိရေး ပြိုင်ဘက်အသင်းကို အကောင်းဆုံးဖိအားပေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၄၁ မိနစ်တွင်နေမျိုးသူသူအောင်ရဲ့ ကွင်းလယ်ကဖန်တီးပေးပို့မှုကနေ ရှင်းသန့်ဖြူစင်ပြီးက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်မြှင့်ကစားခဲ့ရာ ဂိုးရဖို့ အခြေအနေ နီးစပ်ခဲ့ပေမယ့် ဟောင်ကောင်ဂိုးသမား အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည်။ အပြန်အလှန်တိုက်စစ်ဆင်ကစားကြရင်း ပွဲကစားချိန် မိနစ် ၆၀ တွင် ဝင်းရူပါရဲ့အလိုက်သင့်ချပေးမှုကို သက်သက်ဝေက ဂိုးဧရိယာပြင်ပမှ အားပါပြင်းထန်စွာတိုက်ရိုက်ကန်သွင်းပြီး ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲကစားချိန် မိနစ် ၇၀ နောက်ပိုင်းမှစ၍ ဟောင်ကောင်အသင်းရဲ့တိုက်စစ်နှင့် မြန်မာအသင်းရဲ့ခံစစ်တို့အားပြိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိ၍ မြန်မာအသင်းက ၂ ဂိုး ၁ ဂိုး ဖြင့်အနိုင်ရရှိပြီး နောက်တစ်ဆင့်ကို တက်လှမ်းသွားပြီဖြစ်သည်။ **ဝန်းရံခ**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဇော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အသိပေးထုတ် ပြန် ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုမူလုပ်ဆောင်ခဲ့သည့် "U Kyaw Khing" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဘူးရောက်ကျေးရွာနေ ကျော်ခိုင်အား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် စကားအင်းရဲကင်းစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင် ရွက် ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် PACIFIC SUN FAR အသင်းနှင့် VICTORIA အသင်းတို့ ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၁၁

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ် ပွဲစဉ်(၁၄)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်မြို့ သဃ်နဲးကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ ကျင်းပရာ PACIFIC SUN FAR အသင်းနှင့် VICTORIA အသင်းတို့ ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ယူခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ နံနက် ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် JULLNISS အသင်းနှင့် SGF YOUTH အသင်းတို့ ပွဲတွင် တစ်ဖက်လေးဂိုးစီဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင်ယှဉ်ပြိုင်သည့် AVENGERS JUNIOR အသင်းနှင့် MER REIN အသင်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် TKA STARS အသင်းနှင့် PACIFIC SUN FAR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ယှဉ်ပြိုင်သည့် BUSHIDO အသင်းနှင့် VICTORIA အသင်းတို့ပွဲတွင် VICTORIA အသင်းက ၉ ဂိုး ၅ ဂိုး ဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်ယှဉ်ပြိုင်သည့် FFU MIN-MAHAW အသင်းနှင့် MAHAR BURMA အသင်းတို့ပွဲတွင် MAHAR BURMA အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင်ယှဉ်ပြိုင်သည့် SHWE PYI THAR UTD အသင်းနှင့် UNITED CITY အသင်းတို့ပွဲတွင် UNITED CITY အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

❍ **M League ပွဲစဉ်**

နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ပဲခူးမြို့ Grand Royal အားကစားကွင်း၌ယှဉ်ပြိုင်ကစားသည့် အိမ်ရှင်ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်တို့ပွဲတွင် ပွဲကစားချိန် ၁၅ မိနစ်တွင် ကွင်းလယ်ကပေးပို့သည့် ဘောလုံးကို မက်ဆာကီ ရင်ဘတ်နှင့်ထိန်းပြီး ဂိုးသွင်းယူနိုင်ခဲ့၍ ရှမ်းယူနိုက်တက် အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ပွဲကစားချိန် ၅၂ မိနစ်တွင် ဟံသာဝတီဂိုးသမား ဟန့်တားပုံကြမ်းတမ်းခဲ့သည့်အတွက် ပယ်နယ်တီခွင့်ပြုပေးလိုက်ရသည်။ ရရှိတဲ့ပယ်နယ်တီကို အက်ဆန်ဂျူနီယာက အကောင်းဆုံးကန်သွင်းပြီး ရှမ်းယူနိုက်တက်အသင်း အတွက်ဒုတိယဂိုးကိုရယူသွားသည်။ လက်ကျန်ပွဲ ကစားချိန်များအား အပြန်အလှန်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိ၍ ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုး မရှိဖြင့် ဟံသာဝတီယူနိုက်တက် အသင်းကိုအနိုင်ရရှိသွားသည်။

ထို့အတူ YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် အိမ်ရှင်ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ပွဲတွင် ပွဲကစားချိန် ၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပေးပို့သည့်ဘောလုံးကို Pedro Henrique Gomes က ခေါင်းတိုက်သွင်းကာ ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးရရှိရေးဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၂၀ တွင် သန်းပိုင်က ခေါင်းတိုက်သွင်းပြီး ချေပဂိုးသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။


ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၇၀ တွင် တန်ပြန်တိုက်စစ်ကနေ လူစားဝင်ကစားသမား El HADJI ABDDU KARIM SAMB က ရန်ကုန်စီးတီးအသင်းအတွက် ဒုတိယဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်စီးတီးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

Systematic demolition of illegal buildings used in online scams/ gambling in Shwe Kokko (Part-II) continues





Continued systematic demolition of illegal buildings used in online scams and gambling in Shwe Kokko (Part-II).





Continued systematic demolition of illegal buildings used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW October 11


The government has placed emphasis on combat against online scams and gambling as a national responsibility and effectively raided them to in complete prevention of taking root in the country in coordination with local forces as well as with neighbouring governments.

Out of remaining 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be brought down floor by floor due to their proximity to residential buildings and systematic demolition works have begun since 6 October.

In doing so, two five-storey buildings to be demolished with the use of machinery were being levelled down, completing 85 percent and 10 percent of demolition works of respective building so far. Moreover, explosive preparations were being carried out for a 13-storey building out of ones to be detonated.

The government has placed a special emphasis on total eradication of online scams and gambling, which have posed a threat to the global socio-economic space and national security, in cooperation with neighbouring governments and regional countries. **100**





Continued systematic demolition of illegal buildings used in online scams and gambling in Shwe Kokko (Part-II).





Continued systematic demolition of illegal buildings used in online scams and gambling in Shwe Kokko (Part-II).

Myanaung Township sends large volume of Pakhan variety paddy to Yangon market

MYANAUNG October 11

Daw Hla Hla Htay, the owner of rice and paddy trading depot in Myanaung Township of Ayeyawdy Region, said that local merchants from Myanaung Township supplied a large number of baskets of Pakhan variety of paddy to Yangon market within one month.

Myanaung Township sent to 52,000 baskets of the Pakhan paddy variety to the Yangon market.

"Over the past month, a large volume of Pakhan paddy was exported from Myanaung Township. The Pakhan paddy sent from Myanaung to the Yangon market is of very high quality. Because buyers in the Yangon market have shown strong demand for this paddy, export volumes have increased. Current paddy prices are also riding high. Pakhan paddy is in strong demand across domestic rice and paddy markets," said Daw Hla Hla Htay.

Over the past month, the price for the Pakhan paddy variety exported from Myanaung Township to the Yangon market fetched up to Ks-1.65 million per 100 baskets. With the robust trading of this paddy, employment opportunities have opened up for farmers, traders, cargo handlers, and freight transport rental operators.

SK

Kyaiklat Township ships large volume of Kyapyan paddy variety to Yangon market

KYAIKLAT October 11

Daw Htay Htay, the owner of rice and paddy trading centre in Kyaiklat Township of Ayeyawady Region, said that local merchants from Kyaiklat Township supplied a large volume of Kyapyan paddy variety to Yangon market.

Kyaiklat Township exported up to 55,000 baskets of the Kyapyan paddy variety to the Yangon market.

"Over the past month, up to 55,000 baskets of Kyapyan paddy were exported to the Yangon market. Kyaiklat Township primarily ships its paddy, rice, and other agricultural products to the Yangon market. The Kyapyan variety belongs to the premium-grade paddy class. High demand from buyers in Yangon drove the surge in exports. Inquiries to purchase large volumes of Kyapyan paddy from the Yangon market continue this month as well. Compared to other varieties, Kyapyan paddy has seen stronger trading activity both over the past month and at present," said Daw Htay Htay.

Over the past month, the price of Kyapyan paddy exported from Kyaiklat Township to the Yangon market reached up to Ks-1.73 million per 100 baskets. The thriving trade in this paddy has created employment opportunities for farmers, traders, cargo handlers, and freight transport rental operators.

SK

Over 21,000 acres of rainfed paddy planted in Pale Township this year



PALE October 11

According to statistics from the Pale Township Department of Agriculture, over 21,000 acres of monsoon paddy have been planted during this year's monsoon crop season in Pale Township, Yinmabin District, Sagaing Region.

For the 2026-2027 monsoon crop season, Pale Township targeted the cultivation of 45,700 acres of monsoon paddy. Planting commenced in June of this year, and 21,145 acres have been planted to date.

To ensure systematic and smooth paddy cultivation during this monsoon season, the Township Department of Agriculture and local farmers are working in close cooperation.

Awareness campaigns are being conducted for Pale Township paddy farmers regarding agricultural techniques, pest prevention and control, crop loss reduction, and ensuring harvested paddy is sheltered in a timely manner.

To ensure that the planted paddy fields thrive and achieve high yields, staff from the Township Department of Agriculture are providing field-level technical guidance on selecting quality seeds, pest scouting, soil aeration and weeding, roguing (removing off-types), and the systematic use of chemical fertilizers.

SK

Plan underway to grow more than 17,000 acres of chickpea in Monywa Township

MONYWA October 11

Local authorities earmarked to grow more than 17,000 acres of chickpea as cold season crops in Monywa Township of Sagaing Region this year, according to the Township Agriculture Department.

As such, local farmers will start cultivation of chickpea on the targeted acre of 17,790 acres croplands in Monywa Township in 2026-2027 cold seacon cultivation period, starting from December this year.

In chickpea cultivation, farmers choose varieties such as Yezin-8 and Yezin-11, which are well-suited to the region and offer high yields. Cultivating one acre of chickpeas reportedly costs over Ks-300,000.

During this year's winter crop planting season, the department is collaborating with farmers to provide quality seeds, inputs, and post-harvest technology education to enhance pulse crop yield and quality. Additionally, educational and awareness campaigns encouraging the use of beneficial Trichoderma fungi during pulse cultivation will be carried out in coordination with lead farmers.

Sagaing Region is the nation's leading region in terms of pulse cultivation and production area. Because pulses can be grown as primary crops as well as multiple and intercrops, farmers cultivate them as valuable cash crops.

SMK

More than 22,000 acres of green gram planted in Sagaing Township



SAGAING October 11

According to the Township Department of Agriculture, local farmers have so far planted 22,558 acres of green gram as monsoon crops in Sagaing Township this year.

During the 2026-2027 monsoon crop planting season, Sagaing Township planned to cultivate 43,022 acres of green gram (mung bean). Planting began in May of this year, and 22,558 acres have been successfully cultivated to date.

"During this year's monsoon crop planting season, 43,022 acres of green gram were targeted for cultivation in Sagaing Township, and 22,558 acres have already been planted. We are taking measures to ensure the full target acreage is achieved. We are conducting awareness programs to expand green gram cultivation and to encourage the use of quality, high-yield seeds to boost crop yields," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture is raising awareness among local green gram farmers regarding the procurement of quality seed varieties suited to the region, proper planting techniques, pest management, the systematic use of chemical fertilizers, and yield enhancement.

To ensure higher yields and better quality for pulse crops during this monsoon season, the department is actively collaborating with farmers by providing quality seeds, agricultural inputs, and post-harvest technology education.

SK

YeU Township completes cultivation of more than 1,000 acres of vegetables

YEU October 11

Local farmers have so far planted more than 1,000 acres of vegetables as monsoon crops in YeU Township of Sagaing Region, according to the Township Department of Agriculture.

During the 2026-2027 monsoon crop season, YeU Township has set a target of cultivating 3,500 acres of vegetables. Vegetable cultivation began in May this year, and 1,605 acres have been planted so far.

"This year, more than 3,000 acres of vegetables are targeted for cultivation in YeU Township during the monsoon crop season. More than 1,000 acres have already been planted as of today. We are making arrangements to ensure that the targeted acreage is fully cultivated. The vegetables include mustard greens, chilli, spices, potato, cabbage, eggplant and cauliflower. Farmers are being provided with technical assistance so that all vegetables can be cultivated in accordance with Good Agricultural Practices (GAP). They are also being given technical guidance on cultivating all vegetables in a way that minimizes chemical residues and ensures that the produce is safe and healthy," said Daw Aye Nyein Thant, Head of the Township Agriculture Department in YeU Township.

This year, the Township Agriculture Department is providing vegetable growers in YeU Township with technical training on GAP-compliant cultivation, as well as technical guidance to ensure that vegetables produced from their farms are safe and suitable for consumption. Efforts are also being made to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in YeU Township. As the vegetable crops grown by farmers are thriving successfully, they are generating income for their families. The Township Agriculture Department is also providing farmers who plan to grow vegetables with awareness-raising and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

SMK

Death toll rises to 139 after boat capsizes off Djibouti coast



ADDIS ABABA October 11

At least 139 migrants have died and 84 remain missing after a boat capsized off the coast of Djibouti, the International Organization for Migration (IOM) said Sunday.

The boat, carrying 305, was traveling from Djibouti to Yemen when it capsized during the night between Thursday and Friday. Djiboutian authorities continue search and recovery operations as fears grow for those still missing. About 82 people survived the shipwreck, according to a statement issued by the United Nations migration agency on Sunday.

The latest boat accident is one of many similar deadly calamities that have occurred in Djibouti's Red Sea coast area. In most of these incidents, desperate East African migrants attempted to cross the dangerous route, hoping to reach the Middle East via war-torn Yemen, with the main destination being Yemen's northern neighbor, Saudi Arabia. **Xinhua**

Britain doesn't support Trump's Russia diesel deal: defence secretary

LONDON October 11

Britain does not support U.S. President Donald Trump's deal with Russian President Vladimir Putin to purchase millions of tons of diesel from Russia, British Defence Secretary Wes Streeting said on Sunday.

"We don't support that decision. As the prime minister set out, we are strengthening sanctions against Russia," Streeting said in an interview broadcast by the BBC.

He added that the deal was done "very much in the context of the U.S. midterm elections" in November and at a time when politicians across the world were under pressure to ease the cost of living.

Trump's diesel agreement is aimed at lowering fuel prices in the United States that have risen following the joint U.S.-Israel attacks against Iran, according to the BBC report.

On Friday, Washington announced measures to ease sanctions on Russian diesel trade. Ukrainian President Volodymyr Zelensky criticized the move, saying that allowing Russia to sell petroleum products would amount to investing in the war. **Xinhua**

11 killed, 27 injured in tour bus crash in W. Türkiye



ISTANBUL October 11

At least 11 people were killed and 27 others injured on Sunday in a traffic accident involving a tour bus and a tow truck in Türkiye's western Manisa province, local authorities said.

The Manisa Governor's Office said the collision occurred at 11:11 a.m. local time (0811 GMT) near the Akhisar highway entrance.

The tour bus was en route from the northwestern city of Bursa to the western coastal city of Izmir when the accident happened, it said.

All 27 injured individuals have been transferred to nearby hospitals for treatment, it added.

The cause of the collision is not yet known. An investigation has been launched into the incident. **Xinhua**

Pentagon raises official US death toll in Iran war

WASHINGTON October 11

The Pentagon has revised its previously underreported tally of US military deaths linked to the war with Iran, raising the official count to 21.

The Defence Casualty Analysis System (DCAS) initially listed 18 US military deaths from hostile and non-hostile causes since the conflict began on February 28. The Washington Post reported last month, citing six US officials, that the database understated the number of deaths. Secretary of War Pete Hegseth called the findings "a complete lie."

On Friday, the database was updated to include Army National Guard Maj. Sorffly Davius, 46, who died in Kuwait on March 6, and an unidentified Navy member who died by suicide in September.

It also recorded the death of Sgt. Devin A. Seibel, 26, who died in a training accident in Iraq in May. The military, however, did not link the incident to the war with Iran and classified it under Operation Inherent Resolve, the decade-long campaign against Islamic State (IS, formerly ISIS). His inclusion brings the broader number of US military fatalities in the Middle East since February 28 to 22, in line with the figure previously reported by the newspaper.

The updated records also show 865 wounded service members.

Democratic Representatives Adam Smith and Chrissy Houlahan criticized the incorrect count, calling it "an embarrassment" for the military.

"There is no excuse for a mistake of this magnitude," they said in a joint statement.

Approached by the Washington Post, the Pentagon did not address the changes but said it "continues to maintain a steadfast commitment to the transparent, accurate accounting of all service member casualties."

Last month, the US Navy acknowledged that eight sailors assigned to the USS Abraham Lincoln carrier strike group attempted suicide during a ten-month deployment that included the Iran war. The disclosure followed reports of burnout, declining morale, and shortages of food and basic supplies.

Despite US President Donald Trump's insistence that the campaign has been a success, a Reuters/Ipsos poll in September found that 62 percent of Americans disapprove of military strikes against Iran.

The conflict has also deepened political divisions ahead of November's midterm election, with the financial cost and economic fallout drawing scrutiny. US Central Command estimated the bill at US$-43.6 billion through September 3, according to figures provided to lawmakers and seen by AP.

Trump previously said the war would end immediately after the election, subsequently telling Axios that he faces a "big decision" over whether to resume major attacks to bring it to a close. **RT**

World Petroleum Congress opens in Riyadh after deadly airport attack

DOHA October 11

The World Petroleum Congress opened in the Saudi capital of Riyadh on Sunday, the Saudi Energy Ministry said.

"The 25th WPC Energy Congress kicks off today in Riyadh," the statement on X read.

The kingdom is hosting the congress for the first time since it opened in London in 1933. The event was organized by the Ministry of Energy as part of the International Energy Week. It includes meetings of ministers, specialized sessions dedicated to youth, women, innovation and entrepreneurship, as well as a parallel international exhibition.

More than 70 ministers, over 300 senior executives and heads of more than 25 international energy organizations were expected to take part in the congress before strikes attributed to Yemen's Ansar Allah movement, also known as the Houthis, killed 12 people and injured hundreds on Saturday.

A source in the region's oil industry told Sputnik that a number of energy companies either canceled or reduced their presence at the congress.

The Saudi-led Arab coalition in Yemen accused the Houthi of attacking the air hub. The Houthis have repeatedly warned airlines against flying to or over Saudi Arabia during the military operation, which they launched in response to strikes on Yemen. **Sputnik**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 62

Verb + preposition + -ing (succeed in -ing / insist on -ing etc.)

B Some verbs can have the structure verb + object + preposition + **-ing**.
For example:

verb + object + preposition + **-ing**

He **accused**	me	**of**	**telling** lies.
We **congratulated**	Lisa	**on**	**winning** the first prize.
What **prevented**	you	**from**	**coming** to see us?
The rain didn't **stop**	us	**from**	**enjoying** our holiday.
Nobody **suspected**	the general	**of**	**being** a spy.
I **thanked**	everyone	**for**	**helping** me.

accuse ... of
congratulate ... on
prevent ... from
stop ... from
suspect ... of
thank ... for

You can say '**stop** somebody **doing**' or '**stop** somebody **from doing**':

- You can't **stop** me **doing** what I want. or You can't **stop** me **from doing** ...

Note this example with **not -ing**:

- He accused me of **not telling** the truth.

Some of these verbs are often used in the passive. For example:

- We **were accused of telling** lies. (or ... **accused of lying**.)
- The general **was suspected of being** a spy.

Note that we say 'apologise **to somebody** for ...' :

- I apologised **to them** for keeping them waiting. (not I apologised them)

Exercises

62.1 **Complete the sentences. Use only one word each time.**

1 Our neighbours apologised for making so much noise.
2 I feel lazy. I don't feel like..... any work.
3 I wanted to go out alone, but Joe insisted on .....with me.
4 I'm fed up with my job. I'm thinking of .....something else.
5 We can't afford a car right now, so we've decided against .....one.
6 It took us a long time, but we finally succeeded in.....the problem.
7 I've always dreamed of.....a small house by the sea.
8 It's great that Amy and Sam are coming to visit us. I'm looking forward to..... them again.

62.2 **Complete the sentences. Use a preposition + one of these verbs (in the correct form):**

be **eat** **get** **go out** **invite** **steal**
take off **tell** **try** **use** **walk**

1 I don't feel like going out this evening. I'm too tired.
2 The police stopped the car because they suspected the driver..... it.
3 Our flight was delayed. Bad weather prevented the plane.....
4 My phone is very old. I'm thinking.....a new one.
5 I didn't want to hear the story but Dan insisted.....me anyway.
6 I'm getting hungry. I'm really looking forward.....something.
7 I think you should apologise to Sarah.....so rude.
8 There's a fence around the lawn to stop people..... on the grass.
9 I'm sorry I can't come to your party, but thank you very much..... me.
10 The man who has been arrested is suspected..... a false passport.
11 I did my best. Nobody can accuse me.....not.....

မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ



လားရှိုး အောက်တိုဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးကြီးရပ်ကွက်ရှိ ပြည်ထောင်စုအားကစားကွင်း၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်မိုးက အမှာစကားပြောကြားရာတွင် အမျိုးသားအားကစားအောင်မြင်မှုသည် မိမိနိုင်ငံနှင့်လူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြသနိုင်သည်ဟုခံယူကာ အမျိုးသားအားကစားမြှင့်တင်ရေးလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ရိုင်းပင်းကူညီမှုတို့ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့နှင့် အကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အာရုံတော်ရပ်ကွက်နှင့် သံလွင်ရပ်ကွက် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၁၀ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိပြီး လားရှိုးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စုစုပေါင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

ပုလောမြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ပုလော အောက်တိုဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၁ ရက်တွင် လိပ်သောင်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက အတိုး၊ အရင်းပေးဆပ်ရန် ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ရန်ပုံငွေ ငွေကျပ် ၅၆၃ သိန်းကို လိပ်သောင်ကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လိပ်သောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၄၈ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၅၆၃ သိန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်း လက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အထွေး**

VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပန်းတနော် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် သရက်ချောင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကျေးရွာပြည်သူများထံ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက အောက်တိုဘာလ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလှိုင်က အမှာစကားပြောကြားပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရန်ပုံငွေသုံးစွဲမှုအခြေအနေများကို ကျေးရွာပြည်သူများထံ ရှင်းလင်းပြောကြားကာ ကျေးရွာပြည်သူများ၏ မေးမြန်းမှုအပေါ် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်လမ်း ရေရှည်တည်တံ့စေရေး ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လို ကြောင်း ပြောကြားသည်။

အဆိုပါ သရက်ချောင်းကျေးရွာ ကွန်ကရစ်လမ်းမှာ အရှည် ၃၀၄ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆လက်မရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ**

သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သောက်ရေကန်များ ပြုပြင်ထိန်းသိမ်း

ဒေးဒရဲ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ပြည်သူများ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်လာပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ သောက်ရေကန်များကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၀ ရက်က အမှတ်(၂)ရပ်ကွက်ရှိ သောက်ရေကန်ကြီးကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သောက်ရေကန်၌ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးကန်ပေါင်များပြုပြင်ခြင်း၊ သောက်ရေကန် ပတ်ဝန်းကျင်ရှိ မြက်ပင်၊ ပေါင်းပင်များကို စုပေါင်းရှင်းလင်းခြင်းတို့ဆောင်ရွက်ပြီး ထွက်ရှိအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျသိမ်းဆည်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။ ဒေးဒရဲမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် နေ့အပူချိန်မြင့်တက်ခြင်းနှင့် ရေရှားပါးမှုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်ရေကန်များကို စနစ်တကျ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **အေဇာလင်း**

ခရိုင်ပေါင်းစုံစက်ဘီးစီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး (ကွင်းတွင်း)စက်ဘီးစီးပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီမှ သိရသည်။

ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ မိတာ ၈၀၀၊ မိတာ ၁၀၀၀၊ မိတာ ၁၆၀၀၊ မိတာ ၁၀၀၀၀ တို့ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲအဖြစ် မိတာ ၁၂၀၀ နှင့် မိတာ ၄၀၀၀ ပြိုင်ပွဲတို့ဖြစ်သည်။ ကစားသမားတစ်ဦးသည်တစ်ဦးချင်းပြိုင်ပွဲအမျိုးအစားသုံးမျိုး ဝင်ရောက်စီးနင်းယှဉ်ပြိုင်နိုင်ကာ အမျိုးသမီးပြိုင်ပွဲအဖြစ် တစ်ဦးချင်း မိတာ ၄၈၀၀ ပါဝင်ကြောင်း သိရသည်။

ခရိုင်အလိုက်ပါဝင်စီးနင်းရမည့် ကစားသမားများသည် မိမိတို့ခရိုင် တာဝန်ခံများထံ ဆက်သွယ်ကာ အမည်၊ စက်ဘီးစီးအားကစားသမား သက်သေခံကတ်အမှတ်၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း၌ အောက်တိုဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

စက်သုံးဆီဆိုင်များနှင့် အိမ်သုံးဓာတ်ငွေ့ဆိုင်များအား မီးဘေးလုံခြုံရေးအသိပညာပေး

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြုံတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များအရ မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များနှင့် အိမ်သုံးဓာတ်ငွေ့ဆိုင်များအား မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာလ ၁၁ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းအဖွဲ့က စက်သုံးဆီဆိုင်များနှင့် အိမ်သုံးဓာတ်ငွေ့ဆိုင်များအတွင်း မီးဘေးလုံခြုံရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း အပူချိန်မြင့်မားခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးခေါင်ရေရှားဖြစ်ပေါ်နိုင်ခြင်းစသည့် ရာသီဥတုအခြေအနေများကြောင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးငြိမ်းသတ်ရေးကိရိယာများ အသင့်ထားရှိရေးနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားကြောင်း သိရသည်။**ရဲကိုမောင်(ပြန်/ဆက်)**





စွမ်းဆောင်ရည်အပြည့်နဲ့ ရောက်ရှိလာတဲ့ BMW ရဲ့ iX4 လျှပ်စစ် SUV

ကားချစ်သူတွေ စောင့်မျှော်နေကြတဲ့ BMW ရဲ့ အသစ်စက်စက် လျှပ်စစ် Coupe SUV မော်ဒယ်ဖြစ်တဲ့ iX4 ကို တရားဝင် ထုတ်ဖော်ပြသလိုက်ပါပြီ။ ဒီကားအသစ်လေးက iX3 ရဲ့ အကောင်းဆုံး ဘက်ထရီ နည်းပညာတွေကို အမွေဆက်ခံထားပြီး စွမ်းဆောင်ရည်ပိုင်းမှာရော ထည်ပါတဲ့ဒီဇိုင်းပိုင်းမှာပါ တော်တော်လေးကို ဆွဲဆောင်မှု ရှိနေတာပါ။

iX4 50 xDrive မော်ဒယ်ဆိုရင် တစ်ခါအားအပြည့်သွင်းရုံနဲ့ ခရီးမိုင် ၄၂၀ ကျော် အထိ အေးအေးဆေးဆေး မောင်းနှင်နိုင်မှာ ဖြစ်ပြီး မော်တာနှစ်လုံးပါကာ မြင်းကောင် ရေ ၄၆၃ ကောင်အားအထိထွက်ရှိပါတယ်။ ပိုပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ မောင်းချင်သူတွေအတွက် နောက်ပိုင်းမှာ ထွက်လာမယ့် iX4 M60 က မြင်းကောင်ရေ ၆၀၃ ကောင် အားအထိရှိလာတာကြောင့် တကယ့်ကို ကောင်းမွန်တဲ့ စွမ်းဆောင်ရည်ကို ပိုင်ဆိုင် ထားပါတယ်။

ဒါတင်မကသေးပါဘူး။ 800V အဆင့်မြင့် နည်းပညာကြောင့် မိနစ်၀ိုင်းအတွင်း အမြန် အားသွင်းနိုင်သလို ကားဘက်ထရီကနေ အိမ်သုံးလျှပ်စစ်မီးပါ ပြန်လည်ထုတ်လွှတ် သုံးစွဲနိုင်တဲ့ bidirectional charging စနစ် တွေလည်းပါဝင်ပါတယ်။ အခြေခံဈေးနှုန်း အနေနဲ့ အမေရိကန်ဒေါ်လာ ၆၆၂၀၀ မှ စတင်မှာဖြစ်ပြီး ၂၀၂၇ ခုနှစ် မတ်လမှာစတင် ထုတ်လုပ်သွားဖို့ရှိပါတယ်။ သူက လျှပ်စစ် ကားလောကမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ မော်ဒယ်တစ်ခုဖြစ်လာမှာပါ။ **Ref: EA**


ကိုထက်

အယ်ဇိုင်းမားရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်နိုင်မယ့်နည်းလမ်းတွေ့ရှိ

အယ်ဇိုင်းမားရောဂါမဖြစ်ခင် ဦးနှောက်သွေးလည်ပတ်မှုကောင်းမွန်စေပြီး ရောဂါကို ကြိုတင်တွန်းလှန်နိုင်မယ့် အံ့သြစရာ နည်းလမ်းအသစ်တစ်ခုကို အမေရိကန် ပြည်ထောင်စု မစ်ဆူရီတက္ကသိုလ်မှ သိပ္ပံ ပညာရှင်တွေက ရှာဖွေတွေ့ရှိလိုက်ပါပြီ။ သုတေသနတွေအရ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို မြင့်တက်စေတဲ့ APOE4 မျိုးရိုးဗီဇပါရှိသူတွေဟာ မှတ်ဉာဏ်ပြဿနာတွေ မဖြစ်လာခင် နှစ်ပေါင်းများစွာကတည်းက ဦးနှောက်ရဲ့အချို့နေရာမှာ သွေးစီးဆင်းမှု လျော့ကျလာတတ်ပါတယ်။ အဲဒီပြဿနာကို ဖြေရှင်းဖို့အတွက် ကိုယ်အင်္ဂါအစားထိုး ကုသမှုနဲ့ အိုမင်းရင့်ရော်မှုကို ဟန့်တားရာမှာအသုံးများတဲ့ Rapamycin ဆေးဝါးကို အသုံးပြုပြီး စမ်းသပ်ခဲ့ကြတာပါ။

အသက် ၄၅ နှစ်ကနေ ၆၅ နှစ်ကြားရှိ ကျန်းမာရေးနဲ့ပြည့်စုံသူတွေကို ရက်သတ္တလေးပတ်ကြာ ဆေးပမာဏအနည်းငယ်စီ ပေးပြီး စမ်းသပ်ခဲ့ရာမှာ APOE4 မျိုးဗီဇပါတဲ့ သူတွေရဲ့ ဦးနှောက်သွေးလည်ပတ်မှု သိသိသာသာ တိုးတက်လာတာကို တွေ့ရှိခဲ့ရပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေမှာ ဦးနှောက်သွေးစီးဆင်းမှု ပိုမိုကောင်းမွန်လာတာကိုတွေ့ရတာဟာ ရောဂါဖြစ်ပွားနှုန်း များပြားတဲ့ အမျိုးသမီးတွေအတွက်ကြီးမားတဲ့ မျှော်လင့်ချက်တစ်ခုဖြစ်လာပါတယ်။ ဒီလေ့လာမှုဟာ အယ်ဇိုင်းမားရောဂါကို လက္ခဏာမပေါ်လာခင် ကြိုတင်ကာကွယ်တားဆီးနိုင်မယ့် ဆေးပညာရဲ့ အရေးပါတဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ယုံကြည်နေကြပါတယ်။ **Ref: STD**

ကိုထက်



ရေမိုင် ၇၅၀ ကျော်ပျံသန်းတိုက်ပွဲဝင်မယ့် Troublemaker

အမေရိကန်လေကြောင်းအာကာသနဲ့ ကာကွယ်ရေးနည်းပညာကုမ္ပဏီတစ်ခု ဖြစ်တဲ့ Ideal Aerosmith က တာဝေးတိုက်ခိုက်မှုတွေနဲ့ တိုက်ပွဲဝင်နိုင်မယ့် Troublemaker အမည်ရှိ နည်းပညာမြင့် တိုက်ခိုက်ရေးဒရုန်းအသစ်ကို တရားဝင် ထုတ်ဖော်ပြသလိုက်ပါတယ်။

ဒီဒရုန်းက Group 3 အမျိုးအစား စစ်သုံး ဒရုန်းဖြစ်ပြီး ရန်သူ့စစ်စခန်းတွေ၊ ကာကွယ်ရေးစနစ်တွေကို ဒုက္ခပေး၊ အနောင့်အယှက် ပေးဖို့ သီးသန့်ဒီဇိုင်းထုတ်လုပ်ထားတာပါ။ တစ်ကြိမ် လောင်စာဖြည့်ထားရုံနဲ့ ရေမိုင် ၇၅၀ အထိ မနားတမ်း ပျံသန်းနိုင်သလို ပိုင်နက်ဝေဟင်အထက်မှာ အချိန် ၁၀ နာရီ ကျော်ကြာ ကင်းလှည့်စောင့်ကြည့်နိုင်ပါ တယ်။ ဒုံးအပြင် ပေါင် ၃၀ အထိ အလေးချိန် ရှိတဲ့ ခဲယမ်း သို့မဟုတ် ထောက်လှမ်းရေး ကိရိယာတွေကိုပါ သယ်ဆောင်သွားနိုင်ပါ တယ်။

ဒီစနစ်ရဲ့အကောင်းဆုံးအချက်ကတော့ လေယာဉ်ကွင်း သို့မဟုတ် လေယာဉ်ပြေး လမ်းကြီးတွေ လုံးဝမလိုဘဲ အလွယ်တကူ လွှတ်တင်နိုင်တာဖြစ်ပါတယ်။ ရန်သူ့ဘက် ကိုသာသွားရောက်တိုက်ခိုက်တဲ့ တစ်လမ်း သွားတိုက်ခိုက်ရေးယာဉ်အဖြစ် အသုံးပြု နိုင်သလို လိုအပ်ရင်ပြန်လည်သိမ်းဆည်းပြီး နောက်တစ်ကြိမ်အသုံးပြုနိုင်အောင်လည်း ပြုလုပ်ထားပါတယ်။ ကုန်ကျစရိတ် အလွန် သက်သာတာကြောင့် စစ်ပွဲတွေမှာ ပမာဏ အမြောက်အမြားကို တစ်ပြိုင်နက်တည်း သုံးစွဲနိုင်မှာဖြစ်ပြီး တပ်ဖွဲ့တွေရဲ့ စစ်ဆင်ရေးစွမ်းရည်ကို များစွာတိုးတက်စေမယ့် စစ်လက်နက်အသစ်တစ်ခုဖြစ်လာတော့မှာ ဖြစ်ပါတယ်။ **Ref: IE**


ကိုထက်



ဂြိုဟ်တစ်ခုမှာ ကမ္ဘာကဲ့သို့ ရေတိမ်တိုက်လှုပ်ရှားမှုတွေ့ရှိ

မိမိတို့ကမ္ဘာကနေ အလင်းနှစ်ပေါင်း ခုနစ်နှစ်ခွဲသာကွာဝေးတဲ့ ဂြိုဟ်တစ်ခုမှာ ကမ္ဘာကဲ့သို့ ရေတိမ်တိုက်လှုပ်ရှားမှုတွေကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိလိုက်ပါတယ်။ အဲဒီလိုရှာဖွေတွေ့ရှိမှုဟာ မိမိတို့ရဲ့ နေစကြဝဠာအပြင်ဘက်မှာ ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်နေတာကို တိုက်ရိုက်မြင်တွေ့ရခြင်းဖြစ်ပါတယ်။

အရီဇိုးနားတက္ကသိုလ် စတီးဝဲ့လေ့လာ ရေးဌာနမှ ဘရစ်တနီမိုင်း ဦးဆောင်တဲ့ သုတေသနအဖွဲ့ဟာ James Webb အာကာသကြည့်မှန်ပြောင်းအသုံးပြုပြီး WISE 0855 အမည်ရှိဂြိုဟ်ကို ၁၁ နာရီကြာ တဲ့အထိ စောင့်ကြည့်ခဲ့တာဖြစ်ပါတယ်။



ဒီလိုစောင့်ကြည့်ရာမှာ ရောင်စဉ်လှိုင်း တစ်ခုကို ၁၅ မိနစ်တစ်ကြိမ် ဖမ်းယူလိုက် နိုင်ပါတယ်။


ဒြပ်ထုအားဖြင့် ဂျူပီတာဂြိုဟ်ရဲ့နှစ်ဆ ရှိပြီး အရွယ်အစားအားဖြင့် အတူတူ ဖြစ်တဲ့ WISE 0855 ဟာ အာကာသထဲမှာ လွတ်လပ်စွာလွင့်မျောနေတဲ့ ဂြိုဟ်ကြီး တစ်လုံးကဲ့သို့ဖြစ်ပါတယ်။ သူ့ရဲ့အပူချိန် က ၁၇ ဒီဂရီဖာရင်ဟိုက်သာရှိတဲ့အတွက် အရင်သိရှိထားတဲ့ဂြိုဟ်များအနက် သူက အအေးဆုံးဂြိုဟ်ဖြစ်ပါတယ်။

သုတေသနပညာရှင်များက James Webb ရဲ့ အဆင့်မြင့်အနီအောက်ရောင်ခြည် နည်းပညာစွမ်းပကားတွေကြောင့် သူ့ရဲ့ လေထုထဲမှာ ရေတိမ်တိုက်တွေ ထူထပ်လာတာ၊ ပါးလွှာပျောက်ကွယ်သွားတာစတဲ့ ရာသီဥတုအပြောင်းအလဲတွေကို အထင် အရှား ဖော်ထုတ်နိုင်ခဲ့တာပါ။ **Ref: IE**

ကိုထက်

Starlink က မိုဘိုင်းကွန်ရက်ဈေးကွက်ထဲ ဝင်ရောက်လာ

အီလွန်မတ်ရဲ့ SpaceX ကုမ္ပဏီဟာ အမေရိကန်ပြည်ထောင်စုမှာ အပြည့်အဝ ရပ်တည်နိုင်တဲ့ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်လာဖို့ အရေးကြီး တဲ့ ရေဒီယိုကြိမ်နှုန်းတွေကို အောင်မြင်စွာ ဝယ်ယူလိုက်ပြီလို့ သိရပါတယ်။ ဒီခြေလှမ်း ဟာ အမေရိကန်နိုင်ငံတစ်ဝန်းလုံးမှာ ဖုန်းလိုင်းအပြည့်အဝဖမ်းယူနိုင်ဖို့အတွက် လိုအပ်နေတဲ့ နောက်ဆုံးလိုအပ်ချက်ကို ဖြည့်စွက်လိုက်တာဖြစ်တယ်လို့ အီလွန်မတ် က ပြောပါတယ်။ Starlink ဂြိုဟ်တုတွေကို အသုံးပြုမယ်ဆိုရင် အပြင်ဘက်တွေမှာ ဖုန်း လိုင်းကောင်းမွန်စွာရရှိစေမှာဖြစ်ပြီး ဝယ်ယူ လိုက်တဲ့ 800MHz ကြိမ်နှုန်းကတော့ အိမ်ထဲ မှာပါ ဖုန်းလိုင်းကို ကောင်းမွန်စွာသုံးစွဲနိုင်ဖို့ အဓိကအထောက် အကူပြုပေးသွားမှာ ဖြစ်ပါတယ်။



လက်ရှိနာမည်ကြီး တယ်လီကွန်ကုမ္ပဏီ ကြီးတွေဖြစ်တဲ့ AT&T၊ Verizon နဲ့ T-Mobile တို့နဲ့ တိုက်ရိုက်ယှဉ်ပြိုင်သွားဖို့ရှိပြီး အထူး သဖြင့် ကျေးလက်ဒေသတွေနဲ့ ဖုန်းလိုင်း ဆွဲအားမကောင်းတဲ့ နေရာတွေမှာပါ ကွန်ရက်လွှမ်းခြုံမှုအကောင်းဆုံးဖြစ်လာ တော့မှာပါ။ စာရင်းဇယားတွေနဲ့ ဥပဒေပိုင်း ဆိုင်ရာ ခွင့်ပြုချက်တွေရရှိပြီးတာနဲ့ တစ်ပြိုင်နက် ကမ္ဘာတစ်ဝန်းက စမတ်ဖုန်း အသုံးပြုသူတွေအတွက် ဆက်သွယ်ရေး ကဏ္ဍမှာ အကြီးမားဆုံးပြောင်းလဲမှုတွေ စတင်လာတော့မှာဖြစ်ပါတယ်။ **Ref: GA**

ကိုထက်

ရီယတ်လေဆိပ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်နိုင်ငံသားတစ်ဦးအပါအဝင် ၁၂ ဦးသေဆုံး

ရီယတ်၊ စစ်ရေး

ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်မြို့ရှိကင်းခါလစ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဟူသီတပ်ဖွဲ့များက အောက်တိုဘာလ ၁၀ ရက်တွင်တိုက်ခိုက်ခဲ့ရာ အမေရိကန်နိုင်ငံသားတစ်ဦးအပါအဝင် လူ ၁၂ ဦး သေဆုံးပြီး ၃၀၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အောက်တိုဘာလ ၁၁ ရက်တွင် ထုတ်ပြန်သော သတင်းများအရသိရသည်။

သေဆုံးသူများအနက် ဆော်ဒီအာရေဗျနိုင်ငံသားလေးဦးနှင့် နိုင်ငံခြားသားရှစ်ဦး ပါဝင်ကြောင်း ဆော်ဒီမြို့ပြလေကြောင်းဦးစီးဌာန (GACA) က ထုတ်ပြန်ထားသည်။ သေဆုံးသွားသည့်နိုင်ငံခြားသားများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးနှင့် အမေရိကန်၊ အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ ပါလက်စတိုင်းနှင့် ဆူဒန်နိုင်ငံတို့မှ တစ်ဦးစီဖြစ်ကြောင်း သိရသည်။



ဒဏ်ရာရရှိသူ ၃၀၉ ဦးအနက် အချို့မှာ အခြေအနေစိုးရိမ်နေရဆဲဖြစ်ပြီး လေဆိပ်အဆောက်အအုံများနှင့် အခြေခံအဆောက်အဦထိခိုက်ပျက်စီးမှုများကိုလည်း စစ်ဆေးလျက်ရှိကြောင်း GACA ကဆိုသည်။

အဆိုပါတိုက်ခိုက်မှုသည် ယီမင်နိုင်ငံ၌ ဆော်ဒီအာရေဗျ၏ကျောထောက်နောက်ခံရရှိထားသော အစိုးရတပ်ဖွဲ့များက ဟူသီတပ်ဖွဲ့များထံမှ နယ်မြေများပြန်လည်သိမ်းပိုက်ရန်ထိုးစစ်ဆင်ပြီးနောက် သီတင်းပတ်တစ်ပတ်အကြာတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ဆော်ဒီဦးဆောင်သောတပ်ဖွဲ့များသည် လေကြောင်းပံ့ပိုးမှုဖြင့်ထိုးစစ်ကိုအားဖြည့်ခဲ့သလို အီရန်၏ ကျောထောက်နောက်ခံရရှိထားသော ဟူသီတပ်ဖွဲ့ကလည်း ဒုံးကျည်များနှင့်ဒရုန်းများအသုံးပြု၍ဆော်ဒီအာရေဗျနိုင်ငံရှိ ပစ်မှတ်များကို တိုးပြန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref: RT

ကမ္ဘောဒီးယားနိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်နေ

ဖန္ဒမ်းပင်၊ လောင်စာဆီ

ကမ္ဘောဒီးယားနိုင်ငံ၌ လက်လီဓာတ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ဒီဇယ်ဈေးနှုန်းမှာမူ အနည်းငယ်ကျဆင်းသွားကြောင်း စီးပွားရေးနှင့်ဂူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာလ ၁၁ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ထားသော ကာလအတွင်း ရိုးရိုးဓာတ်ဆီဈေးနှုန်းသည်တစ်လီတာလျှင် ၅၃၅၀ ရီယယ်အထိ ၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ယခင်ကာလက ၅၁၅၀ ရီယယ်ရှိသည်။ သို့သော် ဒီဇယ်ဈေးမှာမူ ယခင် တစ်လီတာလျှင် ၅၆၅၀ ရီယယ်မှ ၅၅၅၀ ရီယယ်သို့ ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဖေဖော်ဝါရီလ နှောင်းပိုင်းကတည်းက ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် နိုင်ငံအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများသည် ၃၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၄၄ ရာခိုင်နှုန်းအထိ အသီးသီး မြင့်တက်လာကြောင်း ဝန်ကြီးဌာနက ဖော်ပြထားသည်။ လောင်စာဆီကြောင့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများကို သက်သာစေရန် အစိုးရအနေဖြင့် ထောက်ပံ့ကြေးအမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါး ထည့်သွင်းအသုံးပြုခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ပြောသည်။ **Ref: Xinhua**

ရုရှားနှင့်ယူကရိန်းတို့ စွမ်းအင်ဆိုင်ရာ တိုက်ခိုက်မှုရပ်စဲရေးရရှိ

ဝါရှင်တန်၊ နိုင်ငံရေး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် စွမ်းအင်ဆိုင်ရာတိုက်ခိုက်မှုရပ်စဲရေးရရှိပြီဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အောက်တိုဘာလ ၁၁ ရက်တွင် ပြောသည်။ အဆိုပါနှစ်နိုင်ငံကြား စွမ်းအင်ဆိုင်ရာတိုက်ခိုက်မှုရပ်စဲရေးမှာ ချက်ချင်းအသက်ဝင်မည်ဖြစ်ကြောင်း ထရမ့်ကလူမှုကွန်ရက်မှတစ်ဆင့် ပြောခြင်းဖြစ်သည်။

ယူကရိန်းက ရုရှားနိုင်ငံရှိ ရေနံချက်စက်ရုံများကို တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ပြီးနောက် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရုရှားနိုင်ငံဘက်ကလည်း ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အဦများကို လက်တုံ့ပြန်တိုက်ခိုက်မှု လုပ်ဆောင်သည်။

အကယ်၍ ရုရှားအနေဖြင့် ယူကရိန်း၏ စွမ်းအင်အဆောက်အအုံများကို တိုက်ခိုက်မှုရပ်တန့်မည်ဆိုပါက ယူကရိန်းကလည်း ရုရှား၏ ရေနံချက်စက်ရုံများကိုတိုက်ခိုက်မှုရပ်တန့်မည်ဟု ယူကရိန်းသမ္မတဇီလန်စကီကပြောပြီးနောက် ထရမ့်၏ထုတ်ပြန်ချက်ထွက်လာခြင်းဖြစ်သည်။ **Ref: RTA**



ယူကရိန်းအနေဖြင့် ဇီလန်စကီ၏နေရာကို အစားထိုးသင့်ဟု ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံအနေဖြင့် သမ္မတဇီလန်စကီ၏နေရာကို အစားထိုးသင့်ကြောင်း၊ ဇီလန်စကီသည် ရုရှားနိုင်ငံနှင့်ငြိမ်းချမ်းရေးသဘောတူညီချက်များကို ငြင်းပယ်ခဲ့သည့်အပြင် ၎င်းကြောင့်ပင် တစ်ကမ္ဘာလုံးဆိုင်ရာ ဒီဇယ်ဆီပြတ်လပ်မှုကိုဖြစ်ပွားစေခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတဒေါနယ်ထရမ့်ကအောက်တိုဘာလ ၁၀ ရက်တွင် အိမ်ဖြူတော်ပြင်ပ၌ သတင်းထောက်များကိုပြောသည်။

“အခုအချိန်က ယူကရိန်းနိုင်ငံအနေနဲ့ သမ္မတအသစ်ကိုရွေးချယ်တင်မြောက်ဖို့ အချိန်ရောက်နေပါပြီ။ အခုဖြစ်နေတဲ့စစ်ပွဲကိုဖြေရှင်းနိုင်ဖို့အတွက် သူ့အနေနဲ့အခွင့်အရေးအကြိမ်ကြိမ်ရခဲ့ပါတယ်။ တကယ့်ကိုအကြိမ်ကြိမ်ပါပဲ။ ဒါပေမဲ့သူက စစ်ပြေငြိမ်းဖို့လမ်းကြောင်းကို မရွေးချယ်ခဲ့ပါဘူး” ဟု ထရမ့်ကပြောသည်။

ထို့ပြင် ယူကရိန်းအနေဖြင့် ရုရှားနိုင်ငံရှိ ရေနံချက်စက်ရုံများမလွဲ၍ အခြားအရာများအပေါ် စိတ်တိုင်းကျလုပ်ဆောင်နိုင်ကြောင်း အမေရိကန်အစိုးရက သတိပေးခဲ့သော်လည်း ဇီလန်စကီအနေဖြင့် အဆိုပါသတိပေးချက်ကိုလျစ်လျူရှုခဲ့ကြောင်း၊ ထိုသို့လျစ်လျူရှုခဲ့သည့်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာများကိုသာဖန်တီးလိုသူဖြစ်ကြောင်း ထရမ့်ကပြောသည်။

ဇီလန်စကီ၏သမ္မတသက်တမ်းသည် ၂၀၂၄ ခုနှစ်တွင် ကုန်ဆုံးသွားပြီဖြစ်သော်လည်း ထိုအချိန်မှစ၍ ရွေးကောက်ပွဲကျင်းပခြင်းမရှိဘဲ အာဏာကိုဆက်လက်ထိန်းချုပ်ထားခြင်းဖြစ်သောကြောင့် အမှန်တကယ်ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးရမည်ဆိုလျှင်ပင် ထိုးနိုင်မည်မဟုတ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်ကပြောထားသည်။

Ref: RT

ထိုင်းအစိုးရက သတ်မှတ်အသက်မတိုင်မီ အငြိမ်းစားယူရေးအစီအစဉ်ရေးဆွဲနေ

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းအစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ သတ်မှတ်အသက်မတိုင်မီ အငြိမ်းစားယူရေးအစီအစဉ်ကို ရေးဆွဲလျက်ရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ပါကွန်နီပရာပန့်ကပြောသည်။ ယခုအစီအစဉ်ကို ရေးဆွဲရခြင်းသည် အစိုးရ၏အသုံးစရိတ်ကို လျှော့ချနိုင်ရေးအတွက် လုပ်သားအင်အားကို တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းအထိ လျှော့ချသွားရန်ဖြစ်သည်ဟု ဒုတိယဝန်ကြီးချုပ်ကပြောသည်။

အဆိုပါအစီအစဉ်ကို ၂၀၂၇ ဘဏ္ဍာနှစ်မှစတင်သွားမည်ဖြစ်ပြီး အသက် ၅၀ နှင့်အထက် နိုင်ငံ့ဝန်ထမ်းများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။ အလားတူ အသက် ၄၀ နှင့်အထက်ရှိသည့် ဝန်ထမ်းများကိုလည်း ကျန်းမာရေးမကောင်းမှု သို့မဟုတ် ဆွေမျိုးများကို စောင့်ရှောက်ပေးရမှုတို့ရှိမည်ဆိုပါက သတ်မှတ်အသက်မတိုင်မီ အငြိမ်းစားယူခွင့်ပြုသွားမည်ဖြစ်သည်။

ထိုသို့အငြိမ်းစားယူခိုင်းခြင်းအတွက် အစိုးရဘက်က ဝန်ထမ်းများ၏ တစ်နှစ်စာလစာကို နစ်နာကြေးအဖြစ်ပေးသွားမည်ဖြစ်သောကြောင့် ထိုအစီအစဉ်၏ပထမအဆင့်ကိုအကောင်အထည်ဖော်ရာတွင် ဘတ် ၇ ဘီလီယံကုန်ကျနိုင်သည်ဟုခန့်မှန်းထားကြောင်း ဒုတိယဝန်ကြီးချုပ်ကပြောသည်။

လက်ရှိအချိန်တွင် အစိုးရအသုံးစရိတ်သည် သတ်မှတ်ထားသည့်ပမာဏ၏ ၇၀ ရာခိုင်နှုန်းအထိရောက်ရှိလာနေပြီဖြစ်ပြီး ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်အသက်မတိုင်မီ အငြိမ်းစားယူခိုင်းခြင်းဖြင့် ပို့လျှံလာမည့်ငွေများကို ထိုင်းနိုင်ငံ၏ စီးပွားရေးတွင် မတော်တဆမှုတစ်ခုခုဖြစ်ပေါ်လာပါက သက်သာရာရရှိစေရန်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါအစီအစဉ်ရေးဆွဲမှုကို လက်စသတ်နေပြီဖြစ်ကြောင်း သိရသည်။ **Ref: ST**



ကျီဘူတီကမ်းလွန်၌ ရွှေပြောင်းနေထိုင်သူများ၏ လှေမှောက်မှုကြောင့် ကလေး ၁၅ ဦးအပါအဝင် ၁၃၉ ဦးသေဆုံး

ကျီဘူတီ၊ မတော်တဆမှု

အာဖရိကအရှေ့ပိုင်း ကျီဘူတီနိုင်ငံမှ ယီမင်နိုင်ငံသို့ ထွက်ခွာလာသည့် ရွှေပြောင်းနေထိုင်သူများကို တင်ဆောင်လာသော လှေတစ်စင်းသည် ကျီဘူတီကမ်းလွန်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် ၁၅ ဦးအပါအဝင် အနည်းဆုံး လူ ၁၃၉ ဦးသေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့(IOM) က အောက်တိုဘာလ ၁၁ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ လှေပေါ်တွင် လူပေါင်း ၃၀၅ ဦးခန့်လိုက်ပါလာပြီး ကျီဘူတီနိုင်ငံ အိုဘော့မြို့၏ မြောက်ဘက်ရှိ ဂူဟဲရဲကမ်းလွန်ပင်လယ်ပြင်တွင် အောက်တိုဘာလ ၈ ရက်နှင့် ၉ ရက်ညပိုင်းတွင် တိမ်းမှောက်ခြင်းဖြစ်သည်။ ဖြစ်စဉ်အတွင်း အသက်ရှင်ကျန်ရစ်သူ ၈၂ ဦးကို ကယ်ဆယ်နိုင်ပြီး ၎င်းတို့မှာ အီသီယိုးပီးယားနိုင်ငံသားများဖြစ်သည်။ လက်ရှိပျောက်ဆုံးနေသူ ၈၄ ဦးကိုရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အီသီယိုးပီးယားနိုင်ငံ၌ ပဋိပက္ခများနှင့် စီးပွားရေးအခက်အခဲများကြောင့် ပြည်သူအများအပြားသည် ပင်လယ်ကွေ့နိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန်အန္တရာယ်များသည့် ပင်လယ်ရေကြောင်းလမ်းကြောင်းများကိုအသုံးပြုကာ ထွက်ခွာနေကြခြင်းဖြစ်သည်။

Ref: ST

နိုဝင်ဘာလအတွင်းကစားမည့် နိုင်ငံတကာပွဲစဉ်များတွင် ပေါ်တူဂီအသင်း၌ စီရော်နယ်ဒိုကို ပြန်လည်ရွေးချယ်မည်



လစ္စဘွန်း အောက်တိုဘာ ၁၁

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပရိုအန်ဆာက နိုဝင်ဘာလအတွင်း ကစားမည့် နိုင်ငံတကာပွဲစဉ်များတွင် ပေါ်တူဂီအသင်းကစားသမားစာရင်း၌ စီရော်နယ်ဒိုကို ရွေးချယ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ယခုလအတွင်း ကစားခဲ့သည့် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ်သည် စီရော်နယ်ဒိုကို အသင်းကစားသမားစာရင်းတွင် ရွေးချယ်ခဲ့သော်လည်း ဝေးလ်အသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း နော်ဝေအသင်း၊ ဒိန်းမတ်အသင်းတို့နှင့် ပွဲစဉ်တွင် စီရော်နယ်ဒိုအနေဖြင့် ပါဝင်ကစားခွင့်မရရှိခဲ့သည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ပြီးနောက် နည်းပြဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ကြား ဆက်ဆံရေးတင်းမာမှုများ ရှိခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် စီရော်နယ်ဒိုသည် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရခြင်းအကြောင်းရင်းကို နောက်ပိုင်းမှသာပြောပြပေးမည်ဟု ထုတ်ပြန်ခဲ့ပြီး အသင်းအတွက် ဆက်လက်ကစားပေးရန် အစီအစဉ်ရှိ၊ မရှိကို အတည်ပြုပေးခြင်းဖြစ်သည်။

သို့သော် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပရိုအန်ဆာက "ကျွန်တော်တို့အဖွဲ့ချုပ်၊ အသင်းနည်းပြနဲ့အသင်းကစားသမားတွေအားလုံး စီရော်နယ်ဒို အသင်းကို ပြန်လာတာ လိုလားနေကြပါတယ်။ စီရော်နယ်ဒိုအနေနဲ့လည်း အသင်း ထံပြန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နိုဝင်ဘာလမှာ သူအသင်းအတွက် ပြန်လည်ကစားပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ စီရော်နယ်ဒိုက ပေါ်တူဂီအသင်းအတွက် ထာဝရ အကောင်းဆုံးကစားသမားတစ်ဦးပါ။ အသင်းက သူ့ကို လိုအပ်နေဆဲပါ"ဟုပြောကြားခဲ့သည်။

လက်ရှိတွင် စီရော်နယ်ဒိုအနေဖြင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ရခြင်းနှင့်ပတ်သက်ပြီး ထုတ်ပြန်ထားခြင်း မရှိသကဲ့သို့ အသင်းနှင့်ပြန်လည်ပူးပေါင်းရန် အစီအစဉ်ရှိ၊ မရှိကိုလည်း ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က အစောပိုင်းကတည်းက နည်းပြဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ ဖြစ်ပွားနေသည့် ပြဿနာရပ်များအတွက် ကြားဝင်ဆွေးနွေးမှုများ လုပ်ဆောင်ပြီး ရှင်းလင်းမည်ဟု ထုတ်ပြန်ထားသည်။

ပေါ်တူဂီအသင်းသည် နိုဝင်ဘာလအတွင်း ဥရောပနေးရှင်းလိဂ် ပွဲစဉ်များအဖြစ် ဒိန်းမတ်အသင်း၊ ဝေးလ်အသင်းတို့နှင့်ဒုတိယအကျော့ ပွဲစဉ်ကစားရမည်ဖြစ်ကြောင်း သိရသည်။ ***Ref;Fabrizio Romano***

နော်တင်ဟမ်အသင်းက ခံစစ်ကစားသမား မူရီလိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်

လန်ဒန် အောက်တိုဘာ ၁၁

ဥရောပထိပ်တန်းအသင်းကြီးများက အလိုရှိနေသည့်အသင်းမှလူငယ် ခံစစ်ကစားသမား မူရီလိုအတွက် ပြောင်းရွှေ့ကြေးကို နော်တင်ဟမ်အသင်းက စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့သည်။

အသက် ၂၄ နှစ်အရွယ် မူရီလိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ထိပ်တန်းအသင်းကြီးများ၏ ခေါ်ယူရန်စိတ်ဝင်စားခံရသူဖြစ်ပြီး လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းက ခေါ်ယူလိုနေသည့်အတွက် နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေးကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက အသင်းခံစစ်ပိုင်းတွင် မက်ဂွိုင်ယာ၏နေရာ၌ ရေရှည်အစားထိုးနိုင်မည့်ကစားသမားတစ်ဦးကိုရှာဖွေနေပြီး လက်ရှိတွင် နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် မူရီလိုအား ခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်သည်။

မူရီလိုအား မန်ယူအသင်းအပြင် တခြားဥရောပထိပ်တန်းအသင်းကြီးများကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည့်အတွက် နော်တင်ဟမ်အသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသော်လည်း မဖြစ်မနေရောင်းချရမည်ဆိုပါက ပြောင်းရွှေ့ကြေးကို အနည်းဆုံး စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြောင်းရွှေ့ကြေးကြောင့် ခေါ်ယူလိုသည့်အသင်းများအတွက် အခက်တွေ့လာဖွယ်ရှိကြောင်း သိရသည်။ ***Ref;Topskillsports UK***

ဂျာမန်ဘွန်ဒက်စ်လီဂါအမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ဖယ်ဟာရှုအာရပ်တည်

ဘာလင် အောက်တိုဘာ ၁၁

အော့စ်ဘတ်အသင်းတိုက်စစ်ကစားသမား ဖယ်ဟာရှုအာသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ်ကစားသည့် အော့စ်ဘတ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ဖယ်ဟာရှုအာသည် ပွဲအစ ၈ ဒသမ ၅ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲအစကွင်းလယ်၌ တည်သည့်ဘောလုံးကို ဘိုင်ယန်မြူးနစ်အသင်းမှ ကစားသမားများက ဂိုးသမား နူအာထံ ပြန်လည်ပေးပို့ရာ နူအာအနေဖြင့် ဂိုးဧရိယာမှ ထွက်လာခဲ့ပြီး ဘောလုံးကို လက်ခံရယူစဉ် ဖယ်ဟာရှုအာက ဂိုးသမား နူအာထံမှ ဘောလုံးကို ဖျက်ယူနိုင်ပြီးနောက် အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဖယ်ဟာရှုအာမတိုင်မီက အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ၂၀၁၅ ခုနှစ်က ဟော့ဖန်ဟိန်းအသင်းမှ ကီဗင်ဗိုလန်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟော့ဖန်ဟိန်းအသင်းတို့ကစားသည့်ပွဲစဉ်တွင် ပွဲအစ ၉ စက္ကန့်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဖယ်ဟာရှုအာ ဘိုင်ယန်မြူးနစ်အသင်းနှင့်ပွဲစဉ်တွင် သွင်းယူနိုင်သည့် ဂိုးသည်ပြိုင်ပွဲ၏ အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***Ref;365Scores***



တိုင်ဆန်ဖြူရီနှင့် ဂျီရှူအာတို့ပွဲစဉ်အတွက် လက်မှတ်အားလုံးရောင်းချနိုင်

လန်ဒန် အောက်တိုဘာ ၁၁

ဗြိတိန်ထိပ်တန်းလက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် ဂျီရှူအာတို့ပွဲစဉ်အတွက် လက်မှတ်များကိုရောင်းချခဲ့ရာ တစ်နာရီအတွင်း အားလုံးရောင်းချနိုင်ကြောင်း Ticketmaster အဖွဲ့က အတည်ပြုကြေညာခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် ဂျီရှူအာတို့အနေဖြင့် ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရန် ယခုနှစ် နှစ်စပိုင်းကတည်းက ဆွေးနွေးမှုများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပြီး လာမည့် ဒီဇင်ဘာလ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

တိုင်ဆန်ဖြူရီနှင့် ဂျီရှူအာတို့သည် ယခုနှစ်အစပိုင်းကတည်းက ယှဉ်ပြိုင်မည့်နိုင်ငံနှင့် တခြားစာချုပ်အချက်အလက်များ ညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့ပြီးနောက် ကြန့်ကြာနေသော်လည်း နောက်ပိုင်းတွင် ဝေးလ်နိုင်ငံ၌ယှဉ်ပြိုင်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။


တိုင်ဆန်ဖြူရီနှင့် ဂျီရှူအာတို့ပွဲစဉ်အတွက် လက်မှတ်များကို Ticketmaster အဖွဲ့အစည်းက ရောင်းချခဲ့ခြင်းဖြစ်ပြီး လက်မှတ်ခများကို အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၂၀ မှ အများဆုံး ၁၇၀၀၀ အထိ သတ်မှတ်ရောင်းချခဲ့ကာ စုစုပေါင်း လက်မှတ်အစောင်ရေ ငါးသောင်းကျော်ကို တစ်နာရီအတွင်း ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***Ref;Source of Boxing***

၂၀၂၆ ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲတွင် အယ်ကာရက်ဇ်နှင့် မက်ဗီဒက်တို့ ၃၂ ဦးရှုံးထွက်အဆင့်သို့တက်ရောက်

ပေကျင်း အောက်တိုဘာ ၁၁

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲတွင် ထိပ်တန်းတင်းနစ်ကစားသမားများဖြစ်ကြသည့် အယ်ကာရက်ဇ်နှင့်မက်ဗီဒက်တို့ ၃၂ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ ၆၄ ဦးရှုံးထွက်အဆင့်တွင် စပိန်ထိပ်တန်းကစားသမား အယ်ကာရက်ဇ်သည် အာဂျင်တီးနားကစားသမား စီရမ်ဒိုလိုနှင့်ကစားရာ (၆-၃)၊ (၆-၃) ရလဒ်ဖြင့် အနိုင်ရရှိပြီး ၃၂ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ဖြစ်သည်။



အလားတူ ရုရှားကစားသမား မက်ဗီဒက်သည် ဂျာမနီကစားသမား စထရက်နှင့်ကစားရာ (၄-၆)၊ (၆-၄)၊ (၆-၃)ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အောက်တိုဘာလ ၁၂ ရက်တွင် မက်ဗီဒက်သည် ချက်ကစားသမား ဆီဗာစီနာနှင့်ကစားရမည်ဖြစ်ပြီး အယ်ကာရက်ဇ်သည် ဘယ်လ်ဂျီယံကစားသမား ဇီဇူဘတ်ခ်နှင့်ကစားရမည်ဖြစ်သည်။

၂၀၂၆ ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲတွင် အယ်ကာရက်ဇ်သည် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၂)သတ်မှတ်ခံထားရသူဖြစ်ပြီး မက်ဗီဒက်သည် အဆင့်(၅) သတ်မှတ်ခံထားရသူဖြစ်ကြောင်း သိရသည်။ ***Ref;AGTP Tennis***

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

မိုင်းရှား အောက်တိုဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှားမြို့နယ် ပန်စွဲကျေးရွာအုပ်စု လုံကော်ကျေးရွာ၌ စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မိုင်းရှားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လုံကော်ကျေးရွာရှိ စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းအား အသင်းသား၊ အသင်းသူများ၏ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

ကာရံ

အောက်တိုဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

စဉ်	စခန်းအမည်	စံချိန်သစ်တင်သည့်ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်သစ်		ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်ပေါင်း		စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်		ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်	
၁	ဇောင်းတူ	၁၀-၁၀-၂၀၂၆	၃၇.၁	၉၈.၈	၃၀-၁၀-၂၀၂၅	၃၆.၆	၉၇.၉	၃၉
၂	ဖျာပုံ	၁၀-၁၀-၂၀၂၆	၃၆.၂	၉၇.၂	၅-၁၀-၂၀၂၆	၃၆.၀	၉၆.၈	၂၅

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်လှစ်

ဟိုပုံး အောက်တိုဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ပံ့ပိုးကူညီမှုဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ဆပ်ပြာဖျော်နည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်မြတ်ခင်မော်က အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများ အိမ်တွင်းတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဖျော်နည်းသင်တန်းကိုဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ မိသားစုအသုံးစရိတ်ချွေတာနိုင်ရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းသူများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ယင်းနောက် သင်တန်းနည်းပြက စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ လက်ဆေးဆပ်ပြာဆီဖျော်စပ်နည်းများကို စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စဲစဲတွေ	ဘားအံ	ဖောလမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၉၅	၄၇၅၀	၄၇၀၀	၄၆၁၀	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၈၀	၅၀၄၅	၅၀၇၅	၄၇၀၀	၄၈၆၀	၄၇၉၀	၄၇၅၀	၄၇၆၀	၄၉၉၀
95 Ron	၄၇၇၀	၄၉၂၅	၄၈၇၅	၄၇၈၅	၄၉၃၀	၄၉၄၀	၄၉၇၅	၄၈၅၅	၅၂.၂၅	၅၂၀၀	၄၈၇၅	၅၀၆၅	၄၉၆၅	၄၉၂၅	၄၉၃၅	၅၁၆၅
HSD (500 ppm)	၄၅၈၀	၄၇၃၀	၄၆၈၅	၄၅၉၅	၄၇၃၅	၄၇၅၀	၄၇၈၀	၄၆၆၅	-	၅၀၄၅	၄၆၈၅	၅၂.၂၀	၄၇၇၀	၄၇၃၀	၄၇၄၀	၄၉၆၀
HSD (50 ppm)	၅၀၇၅	၅၀၃၀	၄၆၈၅	၅၀၉၅	၅၀၃၅	၅၀၅၀	၅၀၈၅	၄၆၆၅	၆၀၃၀	၆၀၆၀	၄၆၈၅	၅၂.၂၀	၅၀၇၅	၅၀၃၀	၅၀၄၅	၅၉၃၀
HSD (10 ppm)	၅၀၇၅	၅၀၃၀	၄၆၈၅	၅၀၉၅	၅၀၃၅	၅၀၅၀	၅၀၈၅	၄၆၆၅		၆၀၆၀	၄၆၈၅	၅၂.၂၀	၅၀၇၅	၅၀၃၀	၅၀၄၅	၅၉၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၆၇	၄၄၈၈
95 Ron	၄၅၃၇	၄၆၆၂
HSD (500 ppm)	၄၃၇၁	၄၄၈၈
HSD (50 ppm)	၅၃၂၀	၅၄၅၇
HSD (10 ppm)	၅၃၂၀	၅၄၅၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၄၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့၊ ကျွန်းညိုအုပ်စု၊ ပျဉ်းမတုန်းနေ မအေးစန္ဒာ(ဘ)ဦးတင်ဝင်း ၁၄/ဘကလ(နိုင်) ၂၄၀၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာ နေ စောရန်နိုင်(ဘ)ဦးထွန်းညွှန့် ၁၀/ပမန(နိုင်)၁၇၂၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာနေ စောကျော်မင်းထွန်း(ဘ)ဦးမောင်မြင့် ၁၀/ပမန(နိုင်)၁၇၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာနေ မျိုးမျိုးထွေး(ဘ)ဦးစိန်ထွေး ၁၀/သထန(နိုင်)၂၀၇၉၄၃ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျီးရိုးရွာသစ်နေ မယဉ်မာလွင်(ဘ)ဦးမင်းလွင် ၇/ဖမန(နိုင်)၂၂၂၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 906373)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၂၄၆၃၂၂၅

ပျောက်ဆုံးကြောင်း

ကေ့ကရိတ်မြို့နယ်၊ ဘုရားကြီးရွာနေ မိဥမ္မာအေး(ဘ)ဦးသိန်း ၃/ကကရ(နိုင်)၁၁၉၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 730158) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၁၅၈၀၇၀

ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့၊ ပေါက်ပင်ကုန်းအုပ်စု၊ ပေါက်ပင်ကုန်းရွာနေ ဦးသိန်းဝင်း(ဘ)ဦးမောင်ဘ ၁၂/ဘကလ(နိုင်)၁၂၀၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 730158) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၁၅၈၀၇၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့နယ်၊ သပြေကုန်းအုပ်စုနေ အဘ ဦးဝင်းရွှေ၏သမီး မအိအိချိုနှင့် မအိအိဖြိုး ၇/တင နေ(နိုင်)၁၆၂၂၇၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မအိအိချို(၁)မအိအိဖြိုး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ UAZL ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းဝင်အမှတ်(၁၁၈)Grade-12 သင်ဆဲမှမမျိုးရတနာဝိုလ်၏ ဖခင် ဦးဗိုလ်ချစ်မွေး၏အမည်မှန်မှာ ဦးဘိုချစ်မွေး ၈/တတက(နိုင်)၁၃၃၄၉၅ ဖြစ်ပါကြောင်း။ ဦးဘိုချစ်မွေး

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပညင်းကျေးရွာနေ အဘ ဦးဆယ်တင်၏သမီး မသူဇာခိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၉၁၅၆၀ အရ မသိမှသိမှအောင်ဖြစ်ပါကြောင်း။
မသိမှသိမှအောင်

ပျောက်ဆုံးကြောင်း

ဦးစိုးအောင်(ဘ)ဦးတင်ညွှန့် ၁၀/ခဆန(နိုင်)၀၇၂၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၁၁၀၇၂

ပျောက်ဆုံးကြောင်း

ဆန်နီသူရိန်(ဘ)ဦးလှမြင့် ၁၃/ပတရ(နိုင်)၀၄၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၁၅၁၅၂

တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအား ခုံအမှတ် မကတ-၃၁၈ ဖြင့် ဖြေဆိုထားသူ မောင်အောင်မြတ်မင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/နမန(နိုင်)၂၈၀၃၃၁ ကိုင်ဆောင်သူ မောင်အာကာကျော်မှာ အမည်(၂)မျိုးကွဲပြားသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်အောင်မြတ်မင်း(ခ)မောင်အာကာကျော်

ပျောက်ဆုံးကြောင်း

ဒေလင်း(ဘ)ဦးဘိုထွန်း ၈/မသန(နိုင်)၁၂၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 561677)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ခင်နှင်းဝေ(ဘ)ဦးမြင့်သိန်း ၈/မဘန(နိုင်)၁၈၆၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အိဖြူစိုး(ဘ)ဦးသိန်းထိုက် ၁၂/ဒလန(နိုင်)၁၂၀၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၀၃၇၂၈၇

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

အိသင်ထိုး(ဘ)ဦးသိန်းထိုက် ၁၂/ဒလန(နိုင်)၁၂၀၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၅၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မဝိုင်းစိန်(ဘ)ဦးလှသောင်း ၇/လပတ(နိုင်)၁၇၂၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အောင်ဇော်ဟိန်း(ဘ)ဦးအောင်ဝင်း ၇/ကကန(နိုင်)၀၄၉၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဇင်ထွဋ်နိုင်(ဘ)ဦးဝင်းနိုင်စိုး ၁၂/တကန(နိုင်)၁၉၃၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ရီရီဝင်း(ဘ)ဦးဒိန်ကောင်း ၁၂/လကန(နိုင်)၂၅၃၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၅၃၁၉၆၀

ပျောက်ဆုံးကြောင်း

စိုးမိုးကျော်(ဘ)ဦးသောင်းကျော်စိန် ၁၁/ဘသတ(နိုင်)၀၂၈၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'



ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA
CABLE & WIRE



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

COPPER 99.99%

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

SIN MINN

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ



ISO 9001
BUREAU VERITAS
Certification
Excluding design
UKAS MANAGEMENT SYSTEMS



BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘီလပ်မြေ

BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘီလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

- နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

၁၁-၁၀-၂၀၂၆

ထူးခြားသည့်နေ့အပူချိန်များ

ချောက်	၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက်		တံတားဦး	၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယက်	
စစ်ကိုင်း	၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်		(လေကြောင်းမိုးလေဝသ)		
ညောင်ဦး	၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက်		ပခုက္ကူ	၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်	
မြင်းမူ	၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက်		ဇောင်းတူ	၃၆ ဒသမ ၄ ဒီဂရီဆဲလ်စီးယက်	
ကျောက်ဆည်	၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယက်		မန္တလေး	၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက်	

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ



အမျိုးသမီးဓားတစ်လက်အတိုက်ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



အမျိုးသားဗန်တိုအတိုက်(က)တန်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



အမျိုးသားအချုပ်၊ အဖြည့်စွမ်းရည်ပြပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။

တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် အောက်တိုဘာ ၁၁

တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁** ✦



M League ပွဲစဉ်(၃) တတိယနေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်က ကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ M League ပွဲစဉ်(၃) တတိယနေ့ပြိုင်ပွဲတွင် ဧည့်သည်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ **စာမျက်နှာ ၂၀ ကော်လံ ၅** ❍

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက်ရှာဖွေ **စာမျက်နှာ ၁၈ ကော်လံ ၁** ▲



အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခြေကျင်ဖြင့် သွားလာသူများသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား(သို့မဟုတ်)ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်ဖြစ်သဖြင့် စည်းကမ်းလိုက်နာမှုမရှိပါက ၁၂.၁၀.၂၀၂၆ ရက်နေ့မှစတင်၍ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

မြန်မာယူ-၁၇ အမျိုးသမီးအသင်း ဟောင်ကောင်အသင်းကိုအနိုင်ယူကာ ၂၀၂၇ အာရှဖလားပြိုင်ပွဲသို့တက်လှမ်း



ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲအုပ်စု(G) နောက်ဆုံးပြိုင်ပွဲကို မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ၂၀၂၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အာရှဖလားပြိုင်ပွဲကိုဝင်ခွင့်ရရှိသွားပြီဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ⇨

ကမ္ဘောဒီးယားနိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်နေ

စာ - ၂၇ သို့

ထိုင်းအစိုးရက သတ်မှတ်အသက်မတိုင်မီ အငြိမ်းစားယူရေး အစီအစဉ်ရေးဆွဲနေ

စာ - ၂၇ သို့